> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာ ထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားကမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်




နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်ဖြစ်သည်။

အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025) သို့တက်ရောက်ခြင်း၊ ပေကျင်းမြို့၌ကျင်းပပြုလုပ်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ အခမ်းအနားသို့တက်ရောက်လာကြသည့် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံရှိ အထင်ကရနေရာများအားကြည့်ရှုလေ့လာခြင်း၊ ပညာရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ စသည်တို့အား ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ (၁၀၀)

**အထူး မိုးလေဝသ သတင်း**

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်

**စာမျက်နှာ ၁၀ ကော်လံ ၁ ◆**




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၉ ရက်)

## စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းမြင့်မားရေး

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်သည်။ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ထက်ဝက်ကျော်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သည်။ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့်အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏အကြောင်းအရာများကိုသိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်ပေးကြရန်လိုကြောင်းကိုလည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။

ဒေသတွင်းစားရေရိက္ခာဖူလုံရေးသည် အရေးကြီးသည်။ ဆန်ဖူလုံမှုရှိစေရေး ပိုမိုကောင်းမွန်ပြီး အထွက်နှုန်းပိုမိုထွက်ရှိသည့် မျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဆန်စက်များမှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများပြုလုပ်၍ရသည်ဖြစ်၍ ဆန်စက်များပိုမိုလည်ပတ်နိုင်ရမည်ဖြစ်သည်။ ဆီထွက်သီးနှံများမှ နှမ်းဆီ၊ ပဲဆီများထုတ်လုပ်နိုင်သဖြင့် တန်ဖိုးရှိသည့် ထုတ်ကုန်များအတွက် ထုတ်လုပ်သွားရမည်ဖြစ်သည်။ ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များဖြင့်လည်း တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သည်။ မွေးမြူရေးလုပ်ငန်းများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ တစ်ဧကပန်းတိုင်အထွက်နှုန်းများတိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၉ ရက်က မင်းဘူးမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြောကြားစဉ် **"ယခုအခါ မင်းဘူးဒေသသည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများတိုးတက်ရန်လိုကြောင်း၊ ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များပိုမိုတိုးတက်ရရှိရေး တစ်ဧကပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မင်းဘူးခရိုင်သည် ဝါစိုက်ပျိုးသည့်ခရိုင်များတွင်ပါဝင်သည်။ ထို့ကြောင့် ဝါကိုအခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများကို စံပြအဖြစ်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ဝါကိုပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရမည်ဖြစ်သလို အရည်အသွေးကောင်းသည့်ဝါအမျိုးအစားများကိုလည်း အသုံးပြုစိုက်ပျိုးရမည်ဖြစ်သည်။ စိုက်ပျိုးရေးမှန်သမျှတွင် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်ရေးသည် အဓိကဖြစ်သည့်အတွက် စိုက်ပျိုးရာတွင် အမျိုးအစားကောင်းရမည်။ မြေကိုစနစ်တကျပြုပြင်နိုင်ရမည်။ ရေရရှိနိုင်သည့်နည်းလမ်းများကို ကြိုတင်တွေးဆပြီး ဆောင်ရွက်ကြရမည်။ အရေးကြီးဆုံးအချက်မှာ နည်းစနစ်ဖြစ်သည်။ နည်းစနစ်သည် လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင် အလွန်အရေးပါသည့်အရာဖြစ်သည်။ မြန်မာစကားပုံတွင် ဆရာမပြနည်းမကျဆိုထားသကဲ့သို့ နည်းမှန်လမ်းမှန်စိုက်ပျိုးနိုင်ခြင်းမရှိပါက သတ်မှတ်ထားသည့်ပန်းတိုင်အထွက်နှုန်းသို့ ရောက်ရှိရန်ခက်ခဲနေမည်ဖြစ်သည်။

ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက်အမှန်တကယ်လိုအပ်သည့်အရာဖြစ်သည်။ နိုင်ငံပိုင်ချည်မျှင်နှင့်အထည်စက်ရုံများ၊ ပုဂ္ဂလိကပိုင်အထည်စက်ရုံများအများအပြားရှိပေရာ အရည်အသွေးမြင့်မားသော ဝါများအမှန်တကယ်လိုအပ်သည်။ ဝါသည် လူတို့အတွက် ဝတ်ဆင်ရေးတွင်မဖြစ်မနေအသုံးပြုရမည့်ကုန်ပစ္စည်းဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ဝါစိုက်ပျိုးမှုဖြစ်ထွန်းလျက်ရှိရာ မင်းဘူးဒေသတွင် ဝါကိုအောင်မြင်အောင် စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ခရီးစဉ်တွင် လမ်းညွှန်ခြင်းဖြစ်သည်။

အလားတူ မင်းဘူးဒေသတွင် ဝါးများ များစွာထွက်ရှိပေရာ ဝါးဖြင့်ပြုလုပ်သည့်ကုန်ချောပစ္စည်းများနှင့် စက္ကူများကိုထုတ်လုပ်နိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် မင်းဘူးဒေသတွင် ဝါးကိုပျော့ဖတ်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်နှင့်ဆီထွက်သီးနှံများတွင် တစ်ခုအပါအဝင်ဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုအားယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲကအကြံပြုပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် မိမိတို့နေထိုင်သည့်ဒေသဖွံ့ဖြိုးရေးတွင် ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးတို့သည် အဓိကကဏ္ဍများဖြစ်ပေရာ ဒေသရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်းမွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၁၄)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

(၁၄)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက တိုင်းရင်းဆေးပညာရှင်များ၏ နဝရတ်ကတိသစ္စာကို သံပြိုင်ရွတ်ဆို၍ စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးသုတေသနများဆောင်ရွက်ရန် အားပေးနေချိန်တွင် အရှိန်အဟုန်မြှင့်၍ သုတေသနကျင့်ဝတ်နှင့်အညီ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သည့်လုပ်ငန်းများသည် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များတွင် ပါဝင်လျက်ရှိသဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် ဆေးနံ့သာတုပ်ကွေးအဖျားပျောက်ဆေးကဲ့သို့ စနစ်ကျစွာထုတ်လုပ်ရန်လိုကြောင်း၊ လုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အညီ ရိုးရာအသိပညာကိုကာကွယ်ရေးအတွက် မူပိုင်ခွင့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ပြသထားသောသုတေသနပိုစတာများကို လှည့်လည်အားပေးကြည့်ရှုသည်။

စာတမ်းဖတ်ပွဲကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပ၍ သုတေသနစာတမ်းအစောင် ၂၀ နှင့် ပိုစတာငါးစောင်ကို ဖတ်ကြားပြသမည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးဝါးများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အာနိသင်ထိရောက်မှုကို စမ်းသပ်လေ့လာခြင်း၊ မြန်မာတိုင်းရင်းဆေးဝါးများအသုံးပြုမှုကို ပြည်သူလူထုအတွင်းလေ့လာခြင်းစသည့်အကြောင်းအရာများကို ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က စာတမ်းများဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေးရှိ ခြေတုလက်တုနှင့် အားပြုကိရိယာအလုပ်ရုံ၌ မန္တလေးငလျင်ကြီးကြောင့် ခြေလက်ဆုံးရှုံးခဲ့ရသူများအား ခြေတုလက်တုများ တပ်ဆင်ပေးအပ်သည့် အခမ်းအနားသို့တက်ရောက်ပြီး ဆေးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ခြေလက်အင်္ဂါဆုံးရှုံးခဲ့သူများအား နိုင်ငံတော်အကြီးအကဲ၏ စေတနာလမ်းညွှန်မှုဖြင့် အလုံးစုံတာဝန်ယူကူညီပံ့ပိုးပေးလျက်ရှိပြီး အရည်အသွေးကောင်းမွန်သော ခြေတုလက်တုများတပ်ဆင်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ-ရန်ကုန်နှင့် အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေးတို့တွင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ခြေလက်ဆုံးရှုံးသူ ၂၂ ဦးကို ပထမအသုတ်အဖြစ် တပ်ဆင်ကုသပြီးဖြစ်ပြီး ဒုတိယအသုတ်အဖြစ် ခြေတုလက်တုတပ်ဆင်ရန်အသင့်ဖြစ်သူ ၂၁ ဦးကို မန္တလေးနှင့် ရန်ကုန်တို့တွင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဩဂုတ်လ ၂၀ ရက်က (၈၄)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုအဖြစ် ဆောင်ရွက်ခဲ့သည့် လူနာနှင့်ကျောက်ကပ်အလှူရှင်တို့အား တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများပေးအပ်သည်။

အဆိုပါ ကျောက်ကပ်လူနာသည် အမရပူရမြို့နေ အသက် ၃၀ နှစ်ရှိ အမျိုးသားဖြစ်ပြီး ကျောက်ကပ်အလှူရှင်သည် ၎င်း၏ဝမ်းကွဲညီဖြစ်သူ အသက် ၂၂ နှစ်ရှိ အမျိုးသားဖြစ်ကာ ၎င်းတို့၏ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိသည်။

ထို့နောက် ပြတ်တောက်သွားသည့် ဘယ်ဘက်လက်ဖျံကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာကိုသွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ဘယ်ဘက်လက်ဖျံ ပြတ်တောက်ခဲ့သူလူနာသည် ကျောက်ဆည်မြို့နေ အသက် ၄၀ နှစ်ရှိ အမျိုးသားဖြစ်ပြီး လက်ပြန်ဆက်သည့် ခွဲစိတ်ကုသမှုကို ဩဂုတ်လ ၁၉ ရက် ည ၁၀ နာရီ ၅ မိနစ်မှ စတင်ကာ ၇ နာရီနီးပါးကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခွဲစိတ်ပြီးလက်၏သွေးလှည့်ပတ်မှုမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး လက်လှုပ်ရှားမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **မြဝတီ**



# 2025 E Sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

2025 E Sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိအားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဂုဏ်ပြုသည့် Yangon Galacticos E Sports အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့၌ ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၃ ရက်အထိ ကမ္ဘာ့အဆင့် E Sports World Cup ပြိုင်ပွဲ၏ PUBG Mobile ကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် ယခုလိုအခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုသည် လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း E Sports အဖွဲ့ချုပ်၏ စီမံဆောင်ရွက်နိုင်မှု၊ E Sports လက်ရွေးစင်အားကစားသမားများ၏ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်မှုများ၏ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံတော်အလံကို နိုင်ငံတော်သီချင်းနှင့်အတူ ထိုင်းနိုင်ငံ၌ အလံတိုင်ထိပ်အရောက် လွှင့်ထူနိုင်မယ်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့၌ ကျင်းပခဲ့သည့် 2025 E Sports World Cup ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက 2025 E Sports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၄၀၀ နှင့် အုပ်ချုပ်၊ နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၀ တို့အားချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အုပ်ချုပ်၊ နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ ချီးမြှင့်သည်။

ဆက်လက်၍ KBZ Group မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၈၀၀၀ အပါအဝင် အလှူရှင်များက အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အလှူရှင်များ၏ ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်းငွေကျပ်သိန်း ၁၃၁၀၀ ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက 2025 E Sports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။




Yangon Galacticos E Sports အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ကမ္ဘာ့အဆင့် E Sports World Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်၍ မြန်မာ့အားကစားသမိုင်းတွင် အားကစားနည်းမျိုးစုံအနက် ပထမဆုံးနှင့် ကမ္ဘာ့အဆင့် ရွှေတံဆိပ်ရရှိခဲ့သည့် တစ်ခုတည်းသော အားကစားနည်းအဖြစ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ကမ္ဘာ့အဆင့်တွင် ရင်ပေါင်တန်းယှဉ်ပြိုင်အနိုင်ရခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အပြင် မျိုးဆက်သစ်မြန်မာလူငယ်များအတွက် စိတ်ခွန်အားတက်ကြွမှုဖြစ်ပေါ်စေသဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ E Sports အားကစားသမားများအားလုံးနှင့် မြန်မာနိုင်ငံ E Sports အဖွဲ့ချုပ် Founder နှင့် ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ E Sports အဖွဲ့ချုပ်အတွက် နှစ်စဉ်ငွေကျပ်သန်းပေါင်းလေးထောင်ကျော် ထောက်ပံ့လှူဒါန်းခဲ့သော KBZ Bank နှင့် KBZ Group နာယကကြီး ဦးအောင်ကိုဝင်းအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## အုန်းရိပ်ခိုရခြင်း

ကိုအုန်းခင်တို့၏အိမ်ကြီး၌ တည်းခိုလျက်ရှိစဉ် ကျွန်ုပ်သည် ကျွန်ုပ်လာရောက်ခြင်း၏ ကိစ္စအမှန်ကိုဖွင့်ဟ၍ မပြောသေးဘဲ သူ၏ မျှော်လင့်ချက်အတိုင်း မက်လုံးပေးထား၏။ သူနှင့်အတူတူ ကလပ်သို့ လိုက်သွားပြီး ကလပ်ပိတ်ချိန်တိုင်အောင် ဘိလိယက်ထိုးခြင်းအားဖြင့် ခင်မင်ရင်းနှီးအောင် လုပ်ထား၏။ သူကလည်း နေးရှင်းသတင်းစာတိုက်မှ ကိုလောရုံနှင့်လည်းကောင်း၊ အမေရိကန်သံရုံးမှ အရာရှိများနှင့်လည်းကောင်း မိတ်ဆက်ပေး၍ သူတို့လူဖြစ်လာသည့်အနေဖြင့် ဝမ်းသာအားရ လက်ခံစကားပြောကြ၏။ ဤအတောအတွင်း ကျွန်ုပ်သည် (ထိုစဉ်က) စာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်သော ဇဝနနှင့်တွေ့ဆုံ၍ ရတနာပုံဝတ္ထုကိစ္စကို ပြောပြရာ သူကလည်း စာရေးဆရာအစည်းအဝေးခေါ်၍ ရတနာပုံဝတ္ထုမူပိုင်ကိစ္စနှင့်ပတ်သက်၍ စာရေးဆရာအသင်းက ကျွန်ုပ်အား လိုသောအကူအညီကိုပေးရန် ဆုံးဖြတ်ချက်ချကာ ဗမာ့ခေတ်သတင်းစာတွင် ထည့်သွင်းဖော်ပြကြလေသည်။ မူပိုင်ရှင်သည် ရန်ကုန်သို့ ကျွန်ုပ်ရောက်လာသည်ဆိုကတည်းက ကျွန်ုပ်အကြောင်းကို စုံစမ်းနေဟန်ရှိပေရာ ကိုအုန်းခင်၏အိမ်၌ တည်းခိုလျက်ရှိခြင်းကိုလည်း သူတို့သိကြပုံရ၏။ သို့ဖြစ်၍ ဗမာ့ခေတ်သတင်းစာ၌ စာရေးဆရာအသင်းက ကျွန်ုပ်ဘက်မှ လိုအပ်သောအကူအညီပေးမည်ဆိုသော ဆုံးဖြတ်ချက်ပါလာ၍ ကိုအုန်းခင်၏အိမ်၌ ကျွန်ုပ်တည်းခိုလျက်ရှိခြင်းကိုလည်း ရတနာပုံဝတ္ထုမူပိုင်လက်ကိုင်ရှိထားသူများ သိရှိသွားသည့်နောက်တစ်နေ့၌ပင် မူပိုင်ရှင်ဆိုသူသည် ကျွန်ုပ်ထံရောက်လာ၍ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ခေါ်သွား၏။ နောက်ဆုံး၌ ရတနာပုံဝတ္ထု ကျောင်းသုံးဖြစ်၍ ရိုက်နှိပ်ရောင်းချမည့်ကိစ္စအတွက် ကျွန်ုပ်အား ငွေ ၅၀၀၀ (ငါးထောင်ကျပ်) ပေးပါမည်ဟု စကားထွက်လာသည်။ ယခင်ကမူ ၂၀၀၀ ကျပ်ထက် တစ်ပြားမျှ ပို၍မပေးနိုင်သည့်နှယ် အတန်ကြာတင်းပြီးခံနေခဲ့သော မူပိုင်ရှင်သည် ကျွန်ုပ်ဘာမျှမပြောရသေးဘဲ တစ်ခါတည်း ငွေ ၃၀၀၀ ကျပ် တိုးပေးဖို့ သဘောတူသည်ဆိုသဖြင့် အံ့ဩမိပါသည်။ သို့ရာတွင် ဤသို့ဖြစ်ရခြင်းမှာလည်း စာရေးဆရာအသင်း၏ ဆုံးဖြတ်ချက်နှင့် ကိုအုန်းခင်၏ အရှိန်အစော်ကြောင့်ဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါသည်။ ကျွန်ုပ်က မူပိုင်ရှင်အား သွားရလာရသော စရိတ်စကအတွက် ငွေ ၅၀၀ ကျပ်ပိုပေးဖို့ပြောရာ ချက်ချင်းပင်သဘောတူပေသည်။

## အထင်လွဲကြစရာ

ဗမာ့ခေတ်သတင်းထောက် ခင်မောင်ကြည်သည် ကျွန်ုပ်၏စာအရေးအသားကို အလွန်နှစ်သက်၍ တချို့သောစာပိုဒ်များကို အာဂုံဆောင်ထားသည်ဆိုရာ (ကျွန်ုပ်လည်း ငယ်စဉ်က မကြောလေးနှင့် ဆာဝေါလ်တာစကော့၏စာပိုဒ်များကို အာဂုံဆောင်ဖူးသည်။) ခင်မောင်ကြည်က ကျွန်ုပ်ကို သဘောကျသော တခြားစာဖတ်ပရိသတ် လူငယ်တချို့နှင့် ဧည့်ခံပွဲလေးပြုလုပ်ပါရစေဟု ဖိတ်ကြားထား၏။ သို့ရာတွင် ကျွန်ုပ်မှာ ယမန်ညကတည်းက အအေးမိပြီး အဖျားဝင်လာသည်နှင့် မည်သူ့ကိုမျှ အကြောင်းပြန်ခြင်း၊ နှုတ်ဆက်ခြင်းမပြုနိုင်ဘဲ မန္တလေးသို့ လေယာဉ်ပျံဖြင့် ရုတ်တရက်ပြန်လာခဲ့ပါသည်။ စာရေးဆရာအသင်းကမူ ရတနာပုံကိစ္စအတွက် ကျွန်ုပ်ဘက်မှ အကူအညီပေးရန် ဆုံးဖြတ်

"သီတင်းနေ့များတွင် ကျွန်ုပ်၏နေအိမ်မှာ တရားဆွေးနွေးရာဌာနဖြစ်လာ၍ ကျွန်ုပ်နှင့် သိကျွမ်းသည့် ဓမ္မမိတ်ဆွေများ လာရောက်ဆွေးနွေးကြပါသည်။ အဆိုပါဆွေးနွေးပွဲများ၌ ကျွန်ုပ်သည် မိမိ၏အယူအဆများနှင့် အတွေးအမြင်များကိုတင်ပြခြင်းထက် တခြားလူများ၏ တရားသဘာဝ အယူအဆများကို တီးခေါက်နှိုက်ယူခြင်းအလုပ်ကို အလေးပေးတတ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အကြောင်းကို ထိုလူများသိခြင်းထက် ထိုလူများ၏ အယူအဆအသီးသီးကို ကျွန်ုပ်သိရခြင်းက သာ၍ပြည့်စုံသည်ထင်ပါ၏. . ."

ထားခါမှ တစ်စုံတစ်ရာအကြောင်းမကြားဘဲ ရုတ်တရက် ပြန်ပြေးသည်ဆိုကာ စိတ်ခုစရာဖြစ်လောက်ပါပေသည်။ ကျွန်ုပ်၏ အကျင့်တစ်ခုမှာ နေမကောင်းထိုင်မသာ မကျန်းမမာဖြစ်သည်ဆိုလျှင် သူတစ်ပါးအိမ်၌ တည်းခိုရခြင်းအတွက် အလွန်ဝန်လေးတတ်၍ (ဘယ်သူတားသည်ဖြစ်စေ) ကိုယ့်အိမ်သို့ ပြန်ချင်တတ်ပါသည်။ သို့ဖြစ်၍ စာရေးဆရာအသင်းနှင့်တကွ ခင်မောင်ကြည်နှင့် အပေါင်းအဖော်တို့အား ကျွန်ုပ်၏ ချွတ်ယွင်းချက်အတွက် ဝမ်းနည်းစွာဖြင့် ဤနေရာမှ အနူးအညွတ်တောင်းပန်လိုက်ပါသည်။ (သို့သော် ငွေရပြီး ကျွေးရမွေးရမည်ကို ရှောင်ပြေးသည်ဟု မထင်ကြစေလိုပါ။ အတန်ကြာသောအခါမှ ငွေရောက်လာခြင်းဖြစ်ပါသည်။)

## ကိုဆန်းထွန်း

၁၉၅၃ ခုနှစ်၌ လူထုသတင်းစာတိုက်မှ ထွက်ပြီးခါစအချိန်တွင် ကျွန်ုပ်သည် ထမင်းစားလောက်ရုံအတွက်မျှသာ အလုပ်လုပ်၍ ဗုဒ္ဓ၏တရားတော်များကို ဖတ်ရှုလေ့လာခြင်း၊ အားထုတ်ခြင်း၊ ဆွေးနွေးခြင်းစသည့်အလုပ်များတွင် အချိန်ကုန်ခံလျက်ရှိ၏။ သီတင်းနေ့များတွင် ကျွန်ုပ်၏နေအိမ်မှာ တရားဆွေးနွေးရာဌာနဖြစ်လာ၍ ကျွန်ုပ်နှင့် သိကျွမ်းသည့် ဓမ္မမိတ်ဆွေများ လာရောက်ဆွေးနွေးကြပါသည်။ အဆိုပါဆွေးနွေးပွဲများ၌ ကျွန်ုပ်သည် မိမိ၏အယူအဆများနှင့် အတွေးအမြင်များကို တင်ပြခြင်းထက် တခြားလူများ၏ တရားသဘာဝ အယူအဆများကို တီးခေါက်နှိုက်ယူခြင်းအလုပ်ကို အလေးပေးတတ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အကြောင်းကို ထိုလူများသိခြင်းထက် ထိုလူများ၏ အယူအဆအသီးသီးကို ကျွန်ုပ်သိရခြင်းက သာ၍ပြည့်စုံသည်ထင်ပါ၏။ ဆွေးနွေးပွဲများ၌ အရှင်ဉာဏုတ္တရ လူထွက် (မော်က်စ်ဝါဒီဟောင်း) ယခု မန်းတက္ကသိုလ် လက်ထောက်ကထိက ကိုဆန်းထွန်းသည် ကျွန်ုပ်တို့အထဲတွင် စာပေကျမ်းဂန်၌ အနှံ့စပ်ဆုံးသောပုဂ္ဂိုလ်ဖြစ်သည့်အလျောက် စာပေနှင့်ပတ်သက်သည့် အထောက်အထားများကို မေးမြန်း၍ အကောင်းဆုံး၊ ရှင်းလင်းအောင်အပြောတတ်ဆုံးသော ပုဂ္ဂိုလ်အနေဖြင့် ကျွန်ုပ်အသိအမှတ်ပြုပါသည်။ သို့သော် ကျမ်းဂန်ပေါ်၌ အတွေးအခေါ် အယူအဆနှင့်ပတ်သက်၍ ကျွန်ုပ်ရဲသလောက် သူရဲပုံရသော်လည်း သူနှင့်ကျွန်ုပ် ကွဲလွဲသောအချက်များလည်းရှိပါသည်။ သို့သော် သူသည် ကျွန်ုပ်ကဲ့သို့ အလုပ်သမားတစ်ယောက်မဟုတ်သည့်ပြင် ကျွန်ုပ်အားလည်း အလုပ်သမားတစ်ယောက်အနေဖြင့် သူကသိမြင်သေးဟန်မတူသောကြောင့် ကွဲလွဲသောအချက်များကို ဆွေးနွေးခြင်းမပြုဘဲ သူ၏ဝါဒကိုသာ ကျွန်ုပ်က မှတ်သားထားလိုက်ပါသည်။ သို့ရာတွင် ဤနောက်ပိုင်း၌ ကျမ်းတစ်စောင်တစ်ဖွဲ့အနေဖြင့် ကျွန်ုပ်ရေးသားထုတ်ဝေလျက်ရှိသည့် ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်မှာမူ ကိုဆန်းထွန်းက မာလုကျပုတ္တထေရ်အကြောင်းကို ကျမ်းစာအုပ်မှ ဖတ်ပြရာတွင် ကျွန်ုပ်အလွန်သဘောကျပြီး ကိုယ်တိုင်စမ်းသပ်အားထုတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

## မဟာစည်ဆရာတော်

ကျွန်ုပ်သည် ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အားထုတ်၍ အဟုတ်ရှိ၊ တကယ်ရှိသော သဘာဝကြီးအကြောင်းကို ရိပ်မိလာရာတွင် တခြားနည်းအားဖြင့် အားထုတ်လျက်ရှိကြသည်ဆိုသော တရားဂိုဏ်းဆရာကြီးများနှင့် တွေ့ဆုံဆွေးနွေးဖို့ အခွင့်ရှာခဲ့ပါသည်။ ဆွေးနွေးသည်ဆိုသော်လည်း (ကျွန်ုပ်၏ ဝါသနာအတိုင်း) ကျွန်ုပ်၏ အတွေးအမြင်ကို တင်ပြခြင်းထက် အကြင်ပုဂ္ဂိုလ်၏ အယူဝါဒနှင့် အတွေးအခေါ်များကို သိရအောင် နှိုက်ယူခြင်း၌ အလေးပေးလေ့ရှိပါသည်။ တစ်နေ့သ၌ စစ်ကိုင်းမြို့ ဆင်များရှင်ရိပ်သာသို့ မဟာစည်ဆရာတော်ကြွလာသည်ဆို၍ ကျွန်ုပ်၏ဓမ္မမိတ်ဆွေ ဦးဘသင်က သွားရောက်ဖူးမြော်ရန် ကျွန်ုပ်ကို လာ၍ခေါ်သည်တွင် ကျွန်ုပ်လိုက်ပါသွား၏။ ထိုည၌ ဇရပ်တစ်ဆောင်တွင် ဆရာတော်က ခုတင်ပေါ်မှ ကျိန်းစက်၍ ကျွန်ုပ်က ခုတင်အောက်မှ ကပ်လျက်အိပ်ကာ ဦးဘသင်က အစွန်မှအိပ်၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ သူတို့ဆရာဒကာနှစ်ပါး၏အလယ်မှ အိပ်ရသည်နှင့် အခွင့်ကောင်းရ၍ ဆရာတော်အား တရားသဘာဝနှင့်ပတ်သက်သော ပုစ္ဆာများကို မေးလျှောက်လေသည်။ အမှန်ကိုပြောရလျှင် ကျွန်ုပ်၏ မေးခွန်းများမှာ မသိ၍ မေးခြင်းမဟုတ်၊ ကျွန်ုပ်၌ရှိပြီးသော အယူအဆများနှင့် ကိုက်၊ မကိုက်၊ ညီ၊ မညီကို စုံစမ်းခြင်းမျှသာဖြစ်လေသည်။ ဆရာတော်ကလည်း ကျွန်ုပ်၏ရည်ရွယ်ချက်ကို ရိပ်မိပုံရ၏။ သူ၏အဖြေများမှာ အားလုံးလိုပင် ကျွန်ုပ်၏အယူအဆနှင့် ကိုက်ညီသည်ဟု ကျွန်ုပ်မှတ်မိသည်။ ကျွန်ုပ်၏ပုစ္ဆာများမှာ စာတတ်ပေတတ်တစ်ဦးက စာတတ်ပေတတ်တစ်ဦးသို့ မေးသည့် ပုစ္ဆာမျိုးမဟုတ်။ တရားအားထုတ်၍ လွတ်လပ်စွာတွေးခေါ်တတ်သည့် အလေ့အထရှိသူ အချင်းချင်းမေးမြန်းခြင်းမျိုးဖြစ်လေသည်။ တချို့သောပုစ္ဆာများမှာ ရိုးရိုးကျမ်းတတ်ပုဂ္ဂိုလ်က အဖြေတစ်မျိုးပေးကြမည်ဖြစ်သော်လည်း ဆရာတော်၏အဖြေကို ကျွန်ုပ်ပို၍သဘောကျသည်။ မဟာစည်ဆရာတော်အကြောင်းကို ကျွန်ုပ်သိရသမျှ ရေးသားဖော်ပြရသော် ကျွန်ုပ်တွေ့ရဖူးသမျှသော ပုဂ္ဂိုလ်များအနက်တွင် ကျမ်းဂန်အနေဖြင့်လည်းကောင်း၊ အလုပ်အနေဖြင့် လည်းကောင်း၊ ပင်ကိုဉာဏ်အနေအားဖြင့်လည်းကောင်း ကျေနပ်ဖွယ်အကောင်းဆုံးသော ပုဂ္ဂိုလ်မြတ်တစ်ဦးဟူ၍ ဆိုရပါမည်။

ဆက်လက်ဖော်ပြပါမည်။

## ကျိုက်လတ်မြို့နယ်၌ အိုင်အိုဒင်းချို့တဲ့မှုရောဂါပပျောက်ရေး အာဟာရရက်သတ္တပတ်လုပ်ငန်းများဆောင်ရွက်

ကျိုက်လတ် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ဈေးများ၊ ကုန်စုံဆိုင်များ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်မှ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပွားသောရောဂါများ ပပျောက်ရေးလှုပ်ရှားမှုအဖြစ် ဩဂုတ်လ ၂၇ ရက်က အိုင်အိုဒင်းဆားရောင်းချမှု၊ အရည်အသွေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများပူးပေါင်း၍ ကျိုက်လတ်မြို့မစည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ကုန်စုံဆိုင်များ၌ရောင်းချသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းအရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးကြပြီး အရည်အသွေးပြည့်မီသောဆားများကိုသာရောင်းချရန်၊ အိုင်အိုဒင်းဓာတ်လေလွင့်ဆုံးရှုံးမှုမရှိရေး လုံခြုံစွာဖုံးအုပ်အသုံးပြုကြရန် အသိပညာပေးသည်။

အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ်ကြီးထွားစေခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် အရေးပါသော သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ရာတွင် မရှိမဖြစ်သည့် အဏုအာဟာရဓာတ်တစ်ခုဖြစ်ကြောင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ဆောင်မိခင်များတွင် သားပျက်၊ သားလျှောခြင်း၊ ကလေးအသေမွေးဖွားခြင်း၊ ကလေးများ ခန္ဓာကိုယ်ကြီးထွားမှုနှေးကွေးခြင်း၊ ဉာဏ်ရည်နိမ့်ပါးခြင်းနှင့် ကလေး၊ လူကြီးမရွေး လည်ပင်းကြီးရောဂါခံစားရခြင်း၊ ထုံထိုင်းနှေးကွေးခြင်း စသည့်ရောဂါများ သွက်လက်မှုမရှိဘဲ ခံစားရနိုင်ကြောင်း သိရသည်။



လှိုင်မင်းအောင်(မြန်/ဆက်)

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများ၊ အောင်ချက်အကောင်းဆုံးသင်တန်းကျောင်းများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ကျောင်းသူများအား ဆုချီးမြှင့်





နေပြည်တော် ဩဂုတ် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများ၊ အောင်ချက်အကောင်းဆုံး သင်တန်းကျောင်းများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရေဝတီခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် တတိယအချက်အနေဖြင့် **“နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”** ဆိုကာ ဦးတည်ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအား အရည်အချင်းပြည့်ဝသောပညာတတ်များ ပေါ်ထွန်းလာစေရန် လိုအပ်သောကူညီထောက်ပံ့မှုများနှစ်စဉ် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရေး ကြိုးစားအားထုတ်သွားကြရန်နှင့် မိဘများအနေဖြင့်လည်း သားသမီးများ၏ပညာရည်မြင့်မားရေးကို အလေးထားပြုစုပျိုးထောင်ပေးသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့်အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းတို့ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ နှစ်ဦးတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ၃ ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ နှစ်ဦးတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက ၃ ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် လူရည်ချွန်ဆုရရှိသူ တစ်ဦးတို့ကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ၂ ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်၏ ဇနီးက ၂ ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးတို့ကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ပြီး ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင် မအင်ကြင်းခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၂ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၄၈ ဦးတို့ကို လည်းကောင်း၊ လူရည်ချွန်ဆုရရှိသူ ခုနစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၉၅ ရာခိုင်နှုန်းဖြင့် ပထမဆုရ ကလေး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၇၉ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရ ပင်လောင်း လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၆၅ ရာခိုင်နှုန်းဖြင့် တတိယဆုရ ပခုက္ကူ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ




နေပြည်တော် ဩဂုတ် ၂၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများဖြစ်သည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ရဲရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ထူးချွန်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာခေတ်တွင်မိဘများက မိမိရင်သွေးများပညာကိုကြိုးစားသင်ယူပြီး ပညာတတ်ကြီးများဖြစ်လာအောင်မိဘဝတ္တရားနှင့်အညီ ငယ်စဉ်ကတည်းက အတတ်လည်းသင် ပွဲပြင်ဆုံးမပေးရန်လိုအပ်သကဲ့သို့ ကျောင်းသားလူငယ်မောင်မယ်များအနေဖြင့်လည်း တကယ့်အနှစ်သာရ ရတနာသည် အသိပညာ၊ အတတ်ပညာ၊ ပညာသည်သာ အမြတ်ဆုံးရတနာ၊ ပညာသည်သာ အားထားရာ ဆိုသည်ကို နားလည်သဘောပေါက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူး၊ ၅ ဘာသာဂုဏ်ထူး၊ ၄ ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကို ဂုဏ်ပြုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ၆ ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးရှင် လေးဦး၊ ၅ ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၉ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၅၃ ဦး စုစုပေါင်း ၂၆၂ဦးနှင့် ထူးချွန်ဝန်ထမ်း ၁၂ ဦးတို့ကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## လေဖိအားနည်းရပ်ဝန်းအားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် ဩဂုတ် ၂၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့၊ မဒေါက်မြို့ နှင့် တာချီလိတ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်နှင့် တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# နောင်ချိုမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းပေးအပ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး




နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့သို့ သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများအားသွားရောက်တွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ရပြီး နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သောင်းကျန်းသူများကြောင့် အေးချမ်းတည်ငြိမ်လျက်ရှိသည့် မြို့ရွာများ များစွာပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ နောင်ချိုမြို့အား တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးနောက် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား စနစ်တကျပြန်လည်လက်ခံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင်ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးခွင့်ရအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည့်အပြင် ပြည်သူများအနေဖြင့်လည်း မဲပေးကြရန်လိုအပ်ကြောင်း၊ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေ"အား အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်၍ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တား ဖျက်ဆီးမည့်သူများကို ဥပဒေနှင့်အညီ ပူးပေါင်းဟန့်တားဆန့်ကျင်သွားရန် လိုအပ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ်ဖျက်ဆီးခဲ့သည့်နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးနေသကဲ့သို့ ယခင်ကထက် ပိုမိုသာလွန်သောအခြေအနေသို့ ရောက်ရှိအောင် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နောင်ချိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုများအား အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကြပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နောင်ချိုမြို့မရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နောင်ချိုမြို့ ဘူတာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ "ဟော်တော်ကျောင်းတိုက်"သို့သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအင်္ဂသအမှူးပြုသော နောင်ချိုမြို့ပေါ်ကျောင်း ၁၀ ကျောင်းမှ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ မြဝတီ

# ယာယီရေဘေးရှောင်ပြည်သူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့်စောင်များပေးအပ်



နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ လယ်တီစံကျောင်းတိုက်သို့သွားရောက်ပြီး လယ်တီဗိမာန်၌ ရေဘေးရှောင်ပြည်သူများအားတွေ့ဆုံ၍ ယာယီလာရောက်နေထိုင်စဉ်ကာလအတွင်း စားဝတ်နေရေးကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် ယာယီဆေးခန်းဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေဘေးရှောင်ပြည်သူများကလည်း စည်းကမ်းတကျနေထိုင်ကြရန်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ပေးရန်လိုကြောင်း၊ ယာယီနေထိုင်သူများအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လိုအပ်ချက်များရှိပါကလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို တင်ပြဆောင်ရွက်နိုင်ကြောင်း၊ ရေပြန်ကျပြီး မိမိနေရပ်ကို ပြန်လည်ရောက်ရှိပါကလည်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် စောင်များပေးအပ်ကြပြီး ယာယီဆေးခန်းတွင် ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမသို့သွားရောက်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာခြင်းလုံးအသင်းများအားတွေ့ဆုံ၍ ပြိုင်ပွဲတွင် နေပြည်တော်၏ ဂုဏ်ကိုဆောင်နိုင်ရန် အောင်မြင်မှုရရှိအောင်ကြိုးစားယှဉ်ပြိုင်ရေးမှာကြားကာ နေပြည်တော်ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး မြန်မာ့ရိုးရာခြင်းလုံးအသင်းများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ် ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။ မြဝတီ

## အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန သတင်းကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**သတင်းကြေညာချက်**
**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ( ၂၉ )ရက်**

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ တစ်စောင်လျှင်(၂၀၀)ကျပ်နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀၀)ကျပ် တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းတွင်းမှဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ဖြေဆိုခွင့်လျှောက်လွှာများကို သက်ဆိုင်ရာကျောင်းများမှလည်းကောင်း၊ ပြင်ပမှဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများမှလည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ လာရောက်ဝယ်ယူရန်ဖြစ်ပါသည်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံများကို ဖြေဆိုမည့်ဘာသာတွဲအလိုက် အစိမ်းရောင်နှင့် ပန်းရောင် အရောင်နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများသည် လျှောက်လွှာတစ်စောင်ချင်းစီတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများကိုကပ်၍ မိမိတို့ကျောင်းအလိုက် ဖြေဆိုခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ ပြင်ပမှဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့်သူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများနှင့် လျှောက်လွှာများဝယ်ယူပြီး ဖြေဆိုခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် အဆိုပါငွေသွင်းတံဆိပ်ခေါင်းကပ်၍ မိမိတို့အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားတို့တွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါသဖြင့် မိမိတို့ဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှုရှိ/မရှိ သေချာစွာစစ်ဆေးပြီး ဖြေဆိုမည့်သူကိုယ်တိုင်ဖြည့်စွက်လျှောက်ထားကြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

# အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးများကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်ဆိုင်ရာ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ အထူးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီး H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါအထူးအစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်ညှိနှိုင်းမှုကို ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းမှုပြီးစီးရန်နှင့် အဆိုပါမူဘောင်သဘောတူစာချုပ်အား ၂၀၂၆ ခုနှစ်အတွင်း လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်တွင် ထည့်သွင်းမည့်အချက်များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများအကြား သဘောတူညီချက်ရရှိရန် ကျန်ရှိနေသည့် ကိစ္စရပ်များကို ညှိနှိုင်းသဘောတူခဲ့ပြီး ဆက်လက်ညှိနှိုင်းမည့်ကိစ္စရပ်များအပေါ် မဟာဗျူဟာမြောက်လမ်းညွှန်ချက်များ ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-အိန္ဒိယကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်(AITIGA) ပြန်လည်သုံးသပ်ရေးဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီး H.E. Tengku Datuk Seri Utama Zafrul Tengku Abdul Aziz က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။



အဆိုပါအစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ပြန်လည်သုံးသပ်မှုကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်နိုင်ရေးအတွက် အာဆီယံ၏ အဆိုပြုရည်မှန်းချက်များကို အသိအမှတ်ပြုကြောင်း၊ အာဆီယံ-အိန္ဒိယကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အောက်မှ အကောက်ခွန်ထပ်မံဖြေလျှော့ပေးရမည့် သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏ ဘုံသဘောတူညီချက်ရရှိပါက မြန်မာနိုင်ငံအနေဖြင့် အဆိုပါသတ်မှတ်ချက်အတိုင်း လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအကောက်ခွန်ဖြေလျှော့ပေးရမည့်နှုန်းသည် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အတွက် တူညီသည့်ဖြေလျှော့မှုနှုန်းဖြစ်ရန်လိုကြောင်း၊ အကောက်ခွန်ဖြေလျှော့မှုများဆောင်ရွက်ရာတွင်လည်း ဖွံ့ဖြိုးမှုပိုမိုနည်းပါးသည့် နိုင်ငံများအတွက် အကောင်အထည်ဖော်သည့် ကာလအပိုင်းအခြား (Staging Period) ပေးရန် တောင်းဆိုခဲ့သည်။

အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်ဘန်ကောက်မြို့အခြေစိုက်ကုလသမဂ္ဂဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး (UN Development Coordination Office – UNDCO) ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်များ ပိုမိုအကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ကုလသမဂ္ဂနိုင်ငံဆိုင်ရာအဖွဲ့ (UN Country Team)တို့အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များအား ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲလုပ်ငန်းအစီအစဉ်များနှင့်ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ရေး၊ အကျိုးရှိထိရောက်သော ကူညီထောက်ပံ့မှုများဖြစ်စေရန်အတွက် အလေးထားဆောင်ရွက်ရေး ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၉၂/၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**


### မတရားအသင်းအဖြစ်ကြေညာခြင်း

၁။ နိုင်ငံတော်ယာယီသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး(Kayin National Union-KNU)နှင့်အဖွဲ့ဝင်များ၊ ယင်းအဖွဲ့ကဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အဖွဲ့အစည်းများနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ်များ၏ရည်ရွယ်ချက်နှင့်လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်ယာယီသမ္မတသည် မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့၊ ယင်းအဖွဲ့ကဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

**အမိန့်အရ**

**ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**




## ကရင်အမျိုးသားအစည်းအရုံး(KNU)ကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်**
**(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)**

### အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ကရင်အမျိုးသားအစည်းအရုံး(Kayin National Union-KNU) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်းအခြေပြု၍ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် ကရင်အမျိုးသားအစည်းအရုံး (Kayin National Union-KNU)ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးရှောင်ပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံအားပေးထောက်ပံ့



**နေပြည်တော် ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့်နတ်မသောက်ချောင်း တံတားအရှည် ၂၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၂ ပေနှင့် တောင်ပို့သာကျေးရွာနှင့် အုန်းပင်ကျေးရွာကြားရှိ ဘေလီတံတား (ယာယီ)အရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေ တံတားပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြုပြင်ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ကိုးခမ်းကြီးဘုန်းကြီးကျောင်းရေဘေးရှောင်စုရပ်သို့သွားရောက်၍ ဆန်ရိက္ခာဖိုး၊ စောင်နှင့် သောက်ရေသန့်များကိုထောက်ပံ့ပေးအပ်ပြီးရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုံရီ(မြန်မာ)ကုမ္ပဏီကလှူဒါန်းသောလျှော်ဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၆၀ ကို လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ဂုဏ်းထောက်ဘုန်းကြီးကျောင်းရေဘေးရှောင်စခန်းသို့သွားရောက်၍ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာဖိုး၊ စောင်၊ ရေသန့်၊ ကြက်ဥ အစရှိသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပိတောက်ချောင်ဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းသို့ ဆက်လက်သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ စောင်၊ ရေသန့်၊ ကြက်ဥ အစရှိသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာများအလိုက် ရေဝင်ရောက်မှုအခြေအနေများ၊ ရပ်ကွက်၊ ကျေးရွာများ၏ သန့်ရှင်းသာယာလှပရေးနှင့် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်များကို မှာကြားပြီး လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့ အုန်းတောဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စုရပ်သို့ရောက်ရှိကာ စောင်၊ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်၊ သောက်သုံးရေသန့်များကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပြီး အားပေးစကားပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လတ်တလောဖြစ်ပွားနေသောရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၃၄၄ သိန်းကျော်တန်ဖိုးရှိ စောင်၊ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်၊ သောက်သုံးရေသန့်၊ မိုးကာလိပ်အစရှိသည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးထားသည့်အပြင် လိုအပ်သည်များကို ဆက်လက်ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နေပြည်တော်ကောင်စီ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့်လည်း ရေဘေးသင့်ပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး၊ ကျန်းမာရေးအစရှိသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ



တောင်ကြီး ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဟိုပုံးမြို့ရှိ အဆိုပါရုံးနေရာ၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးကြည်သိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ကြွရောက်လာသော အကြီးအကဲများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်တို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာဦးမြတ်ကိုကိုက အဆောက်အအုံသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံး အဆောက်အအုံသစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးမြတ်ကိုကိုက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံးသည် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံးဝင်းတွင်တည်ရှိပြီး အလျား ၁၉၄ ပေ x အနံ ၇၃ ပေရှိ RCC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဘဏ္ဍာရန်ပုံငွေကျပ် ၂၁၇၈ ဒသမ ၄၆၈ သန်းဖြင့် ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Golden Mandalar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **မြဝတီ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၈-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| ပိုင်ကျုံ | ၃ | ဒသမ | ၀၀ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၂ | ဒသမ | ၉၁ | လက်မ |
| တောင်တွင်းကြီး | ၂ | ဒသမ | ၅၂ | လက်မ |
| မုဒုံ | ၂ | ဒသမ | ၄၀ | လက်မ |
| မိုင်းဆတ် | ၂ | ဒသမ | ၄၀ | လက်မ |
| တာချီလိတ် | ၂ | ဒသမ | ၃၅ | လက်မ |
| ထားဝယ် | ၂ | ဒသမ | ၁၇ | လက်မ |
| ပင်လောင်း | ၂ | ဒသမ | ၁၃ | လက်မ |
| ကျိုင်းတုံ | ၁ | ဒသမ | ၈၉ | လက်မ |
| မိုင်းပျဉ်း | ၁ | ဒသမ | ၈၂ | လက်မ |
| လွိုင်လင် | ၁ | ဒသမ | ၇၇ | လက်မ |

## သဘင်(FM)အသံလွှင့်အစီအစဉ်

၂၉-၈-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/ သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# သလေးကောက်နှံ့ ဥပမာ

❖ သလေးကောက်နှံ၊ သူ့၏ဟန်သည်
ရှင်သန်မမှည့်၊ မပြည့်အဆန်
အမှန်မသိ၊ သတိလွတ်ကင်း
မာန်တင်းမိုးထောင်၊ ပြည့်လေယောင်သို့
ဟန်ဆောင်လုပ်ဇာတ် သူခင်းတတ်။

❖ ရှင်သန်ရင့်မှည့်၊ အဆန်ပြည့်မှု
အသိစုံလင်၊ ရိုဂုဏ်အင်နှင့်
အသွင်ဖြိုးကြွ၊ စဉ်နိုးထလျက်
မာနမဲ့ကင်း၊ သူ့အဆင်းကား
ဝင်းပနေဆဲ လှနေမြဲ။

❖ သလေးနှံ၏
မာန်ချနိမ့်လျှော၊ ထိုသဘောသို့
ဤလောကမှာ၊ လူများစွာတို့
ပညာအသိ၊ ရင်မှာရှိက
သတိမြဲမြံ၊ သိစွဲဉာဏ်နှင့်
အမှန်ကိုမြင်၊ ဘဝင်မကြွ
မာနမခင်း၊ မောက်မာကင်းစွာ
ကောင်းခြင်းပြည့်စုံ ကုံလုံ၏။

❖ သလေးနှံ၏
ဟန်ဆောင်တတ်သော၊ ထိုသဘောကို
မက်မောလှစွာ၊ အားကျကာလျှင်
ပညာရှိဟန်၊ တလွဲဉာဏ်နှင့်
ဖောက်ပြန်တမင်၊ ကောက်ဉာဏ်ဆင်သော
ဘဝင်မာန်ကြွ၊ လူ့ဗာလတို့
မြင်ရတွေ့ရ၊ ဆုံဆည်းရတော့
ဘဝပြုပြင်၊ အမှန်မြင်၍
ဆင်ခြင်နိုင်ရေး၊ အမှန်တွေးဖို့
သလေးဇာတ်လမ်း၊ ထိုမှတ်တမ်းကို
မြင်စမ်းပါလို့ ဖတ်ကြစေချင်။
သင်ခန်းစာမို့ မှတ်ပုံမသွေအစဉ်။ ။

**ပုလောစိုးနှံ့သာ**

## MWD Education, Knowledge & Sports Channel

၂၉-၈-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade - 9 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၅၀ | Grade - 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |


# အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ်(အပိုင်း ၁)

အောင်ရှင်း

ယခုဆောင်းပါးမှာ ဖော်ပြမယ့်အချက်အလက်များဟာ တစ်ဖက်သတ်စွပ်စွဲချက်များ၊ လုပ်ကြံဖန်တီးထားတဲ့အချက်အလက်များမဟုတ်ကြောင်း ဦးစွာအသိပေးလိုပါတယ်။

လူမျိုးရေးအစွဲနဲ့ နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ အိပ်မက်မက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဟာ သူတို့အဖွဲ့ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာ့လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်အန္တရာယ်ပေးနေတဲ့ မူးယစ်ဆေးဝါးကိုအကြီးအကျယ်ကုန်သွယ်မှုပြုလုပ်နေကြောင်း မီးမောင်းထိုးပြသွားမှာဖြစ်ပါတယ်။ အဲဒီအဖွဲ့ကတော့ နိုင်ငံတော်အစိုးရက လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖြစ် သတ်မှတ်ခြင်းခံရတဲ့ AA အဖွဲ့ဖြစ်ပါတယ်။

**AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ ဖွဲ့စည်းထားတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်သော်လည်း ရခိုင်လူမျိုးတိုင်းက လက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ရခိုင်တိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းမဟုတ်ကြောင်းကို ပြည်သူအများသိရှိပြီးဖြစ်ပါတယ်။ အမှန်စင်စစ် AA အဖွဲ့ဆိုတာ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကိုချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်နဲ့ကိုယ်ကျိုးရှာရခိုင်လူမျိုးတစ်စုက ဦးဆောင်ကာ ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုကို အကြီးအကျယ်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့သာဖြစ်ကြောင်း ငြင်းလို့မရတဲ့သက်သေအထောက်အထားများက ညွှန်းဆိုနေပါတယ်။**




၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက် AA မူးယစ်မှောင်ခိုဂိုဏ်းအား ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် ၂ ဒသမ ၀၇ တန်ကျော်၊ ကဖင်း ၈၀၀ ကီလိုဂရမ်တို့နှင့်အတူ ဖမ်းဆီးရမိမှု။

❐ AA အဖွဲ့ဟာ ရခိုင်လူမျိုးအများစုနဲ့ဖွဲ့စည်းထားတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဖြစ်သော်လည်း ရခိုင်လူမျိုးတိုင်းကလက်ခံထားတဲ့ အဖွဲ့အစည်းမဟုတ်သလို ရခိုင်ပြည်နယ်နဲ့ရခိုင်တိုင်းရင်းသားတွေကိုကိုယ်စားပြုတဲ့ အဖွဲ့အစည်းမဟုတ်ကြောင်းကို ပြည်သူအများသိရှိပြီးဖြစ်ပါတယ်။ အမှန်စင်စစ် AA အဖွဲ့ဆိုတာ ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်နယ်ကိုချနင်းပြီး လူမျိုးရေးအစွန်းရောက်စိတ်နဲ့ ကိုယ်ကျိုးရှာရခိုင်လူမျိုးတစ်စုက ဦးဆောင်ကာ ရခိုင်ပြည်နယ်ရဲ့တည်ငြိမ်အေးချမ်းမှုကိုဖျက်ဆီးပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုကို အကြီးအကျယ်လုပ်ဆောင်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့သာဖြစ်ကြောင်း ငြင်းလို့မရတဲ့သက်သေအထောက်အထားများက ညွှန်းဆိုနေပါတယ်။

**သန္ဓေမကောင်းခဲ့တဲ့ မူးယစ်ရာဇာ**

၂၀၀၉ ခုနှစ်က KIA ထိန်းချုပ်နယ်မြေမှာ စတင်ပေါ်ပေါက်လာခဲ့တဲ့ AA အဖွဲ့ဟာ ကချင်ပြည်နယ်ရောက် ရခိုင်လူမျိုးများနဲ့ ဖွဲ့စည်းခဲ့ပြီး သူတို့ရဲ့တပ်ဖွဲ့ဝင်တွေကို လက်နက်တပ်ဆင်ဖို့အတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို သူ့ရဲ့ဆရာ KIA နဲ့ UWSA၊ MNDAA အဖွဲ့များကို စံနမူနာအတုယူပြီး စိတ်ကြွဆေးပြားများ၊ အိုက်စ်နဲ့ဘိန်းဖြူတွေကို ပြည်တွင်းမှာသာမက အမြတ်အစွန်းကြီးမားစွာရနိုင်တဲ့ ပြည်ပတင်ပို့မှုများကို ဒေသတွင်းမူးယစ်ရာဇာများနဲ့ ချိတ်ဆက်ပြီး တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိပါတယ်။ AA အဖွဲ့ဟာ စတင်ဖွဲ့စည်းချိန်မှစပြီး ယနေ့အချိန်အထိ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းများမရှိသလို ဆင်းရဲနွမ်းပါးတဲ့ရခိုင်တိုင်းရင်းသားများထံမှလည်း ဆက်ကြေးငွေလုံလုံလောက်လောက်မရရှိတဲ့အတွက် သူတို့တပ်ဖွဲ့ဝင်များအတွက် လိုအပ်တဲ့ ရိက္ခာ၊ လက်နက်၊ ခဲယမ်းနဲ့ စက်သုံးဆီဝယ်ယူနိုင်ရေးအတွက် မူးယစ်ဆေးဝါးကုန်သွယ်ရောင်းချမှုမှ ရရှိတဲ့ဝင်ငွေများကိုသာ အဓိကအားထားနေရပါတယ်။

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းဟာ ကြီးထွားကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်ဖို့ ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်သိုလှောင်ခြင်း၊ ပြည်တွင်းမှာဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန်ချိတ်ဆက်ဆောင်ရွက်ခြင်းတွေကို နိုင်ငံတကာမူးယစ်ရာဇာများနဲ့ ကွန်ရက်သဖွယ် ချိတ်ဆက်လုပ်ဆောင်လျက်ရှိပါတယ်။

**AA အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ**

၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်များ ပါဝင်ပတ်သက်တဲ့ မူးယစ်ဆေးဝါးများနဲ့လက်နက်ခဲယမ်းများဖမ်းဆီးရရှိမှု (၂၄) ကြိမ်ရှိခဲ့ပြီး တရားခံ ၂၇၆ ဦးတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၄ သန်းကျော်၊ အိုက်စ် ၁၁ ဒသမ ၉ တန်ကျော်၊ ကဖင်းကီလို ၈၀၀၊ ကက်တမင်း ၂ ဒသမ ၂ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၉ သန်းကျော်)နဲ့ လက်နက်မျိုးစုံ ၂၂၄ လက်၊ ကျည်မျိုးစုံ ၄၁၃၇၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၉၇၇ ခု၊ လက်ပစ်ဗုံး ၃၆ လုံး၊ ဗုံးသီး ၁၇၈ လုံး ၊ GPS ၂၅ လုံး၊ ဂြိုဟ်တုဖုန်း ၄၀ တို့ကို ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးသယ်ဆောင်သည့် မော်တော်ယာဉ် ၊ စက်လှေ၊ သင်္ဘောများနဲ့အတူ ဖမ်းဆီးရမိခဲ့ကြောင်း ဖြစ်စဉ်အသေးစိတ်များကို Infosheet Website https://info sheet.org/ တွင် ဖော်ပြထားရှိပါတယ်။

**ထင်ရှားသည့်ဖမ်းဆီးရရှိမှုဖြစ်စဉ်များ**

AA တပ်ဖွဲ့ဝင်များနဲ့ပတ်သက်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု (၂၄)ကြိမ်ရှိသည့်အနက် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့တဲ့ အမှုကိုးမှုရှိပြီး ထင်ရှားတဲ့ဖြစ်စဉ်တွေကို ထုတ်နုတ်ရှင်းပြလိုပါတယ်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၈ ရက်မှာ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရက်ခုန်တိုင် ကျေးရွာအုပ်ချုပ်ရေးမှူး AA တပ်ဖွဲ့ဝင် စံသာကျော်ရဲ့နေအိမ်မှာ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၈ သန်းကျော်၊ ARAKAN Army စာတန်းပါတံဆိပ်များ၊ လက်ပစ်ဗုံးများ၊ စကားပြောစက်များ ဖမ်းဆီးရမိခဲ့ပါတယ်။ စံသာကျော်ရဲ့ ထွက်ဆိုချက်အရ အဲ့ဒီမူးယစ်ဆေးဝါးတွေဟာ ရခိုင်ပြည်နယ်အတွင်းနဲ့ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ဒုက္ခသည်စခန်းများကို ဖြန့်ဖြူးရန်နဲ့ AA တပ်ဖွဲ့ဝင်များ အသုံးပြုရန်အတွက် သိုလှောင်သိမ်းဆည်းထားတဲ့ မူးယစ်ဆေးဝါးများဖြစ်ကြောင်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်မြို့ရွာအသီးသီးမှာ AA အဖွဲ့ရဲ့ အုပ်ချုပ်ရေးတာဝန်ပေးအပ်ခံရသူများထဲက စံသာကျော်လို စိတ်ချယုံကြည်ရသူတွေကို မူးယစ်ဆေးဝါးဖြန့်ဖြူးရေးအလုပ်ကိုလည်း ပူးတွဲတာဝန်ပေးအပ်လေ့ရှိပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်အတွင်း မြန်မာငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်) တန်ဖိုးရှိအိုက်စ် ၂ ဒသမ ၀၇ တန်နဲ့ ကဖင်း ၈၀၀ ကီလိုဂရမ်တို့ကို ရန်ကုန်မြို့ရှိ အောင်မင်္ဂလာအဝေးပြေးကွင်းမှာ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်မှာ မူးယစ်ဆေးဝါး သယ်ဆောင်သူများဟာ အကြမ်းဖက် AA အဖွဲ့မှ အရာရှိအဆင့်ရှိသူ ၄ ဦး၊ အခြားအဆင့် ၃ ဦး၊ အရပ်သား ၈ ဦးပါဝင်တဲ့ မူးယစ်ဆေးဝါးဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

အဲ့ဒီတရားခံများကို စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများကို AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့စေခိုင်းချက်အရ သူ့ရဲ့လူယုံတော် AA အဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး(ခ) သားသား(ခ)ဝေသာထွန်းက စီစဉ်ကြိုးကိုင်ပြီး ရှမ်းပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များမှထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးတွေကို မန္တလေး၊ ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်ကို ကုန်းလမ်း၊ ရေလမ်းများမှ သယ်ယူပို့ဆောင်ပြီး ရခိုင်ပင်လယ်ပြင်မှတစ်ဆင့် မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကို ပို့ဆောင်မည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့ကြပါတယ်။ ဒီဖြစ်စဉ်ကတော့ မူးယစ်ဆေးဝါးတွေကို သယ်ဆောင်သိုလှောင်ဖြန့်ဖြူးရောင်းချရေးများတွင် AA တပ်ဖွဲ့ဝင်များကိုယ်တိုင် တာဝန်ပေးချက်များအရ လုပ်ဆောင်နေကြောင်း ဖော်ထုတ်တွေ့ရှိရမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၂ သို့** ●

**● စာမျက်နှာ ၁၁ မှအဆက်**

**အရပ်သားအသွင်ယူ AA တပ်ဖွဲ့ဝင်များ၏ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးမှု**

၂၀၂၅ ခုနှစ် မတ်လ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် (၁၄၄)ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ်(၅၄၆/၅၄၇)ရှိ ဂိုဒေါင်အတွင်းမှ အရပ်သားအသွင်ဆောင်ထားတဲ့ AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်း အဖွဲ့ကို ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈၂ သန်း) တန်ဖိုးရှိ အိုက်စ် ၃ တန်ကျော်၊ ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင် ၁၄ ဦးရှိပြီး ၅ ဦးက AA အဖွဲ့က တာဝန်ပေးအပ်ထားတဲ့ အရပ်သားအသွင်ယူထားတဲ့ စီးပွားရေးတာဝန်ခံများဖြစ်ပါတယ်။ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချမှုများတွင် AA ခေါင်းဆောင်များရဲ့ ယုံကြည်စိတ်ချရသူတပ်ဖွဲ့ဝင်များ ဖမ်းဆီးခံရမှုများပြားလာလို့ တစ်ဖက်လှည့်နဲ့ AA တပ်ဖွဲ့ဝင်များကို အရပ်သားစီးပွားရေးတာဝန်ခံများအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်။

အလားတူ ၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက်နဲ့ ၂၇ ရက်မှာ ရန်ကုန်၊ ဖျာပုံ၊ ကော့သောင်းမြို့တို့မှာ AA ထောက်ပံ့ရေးတာဝန်ခံ နေပိုင်လင်း (ခ) အောင်နိုင်ကြွယ် ဦးစီး ၁၉ ဦးတို့ကို အိုက်စ် ၄ ဒသမ ၁၁၃ တန်၊ အိုက်စ်အရည် ၁ လီတာ၊ ကက်တမင်း ၃ တန်တို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံများရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးရောင်းချငွေများဖြင့် AA အဖွဲ့အတွက် လက်နက်ခဲယမ်းများ ဝယ်ယူခြင်း၊ ရိက္ခာများထောက်ပံ့ပေးခြင်းများကို ပြုလုပ်နေတဲ့အဖွဲ့ဖြစ်ကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်မှာတော့ အရပ်သားအသွင်ယူ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသူတွေကို AA အဖွဲ့ရဲ့ ထောက်ပံ့ရေးတာဝန်ခံများအဖြစ် အကာအကွယ်ပေးပြီး မူးယစ်ဆေးဝါးသယ်ဆောင်မှုကို အခေါက်ရေနည်းနည်းနဲ့ ပမာဏများများသယ်ဆောင်စေခဲ့ခြင်းဖြစ်ပါတယ်။

**ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်သူ AA တပ်ဖွဲ့ဝင်များရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွေမှာ တာဝန်ပေးအပ်ခံရသူတွေဟာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့လူယုံတွေပဲဖြစ်ပြီး အဓိကတာဝန်ယူကြိုးကိုင်သူကတော့ AA အဖွဲ့က အတွင်းရေးမှူးဆိုသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်ဟန်ဖြစ်ကြောင်း သိရှိရပါတယ်။ အဖမ်းခံရသူတွေဟာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်း မဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်နေခြင်းဖြစ်တယ်လို့ဆိုပါတယ်။** အခြား AA အဖွဲ့ဝင်တွေထက် လစာနဲ့အခွင့်အရေး ပိုမိုရရှိပြီး သယ်ဆောင်သိုလှောင်သူများ၊ ပြည်တွင်းဖြန့်ဖြူးသူများ၊ ပြည်ပနိုင်ငံများအထိ ချိတ်ဆက်ရောင်းဝယ်သူများကို အကန့်စနစ်ဖြင့် လုပ်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် တစ်ဖွဲ့နဲ့တစ်ဖွဲ့ မသိရှိဘဲ ဝေသာထွန်းတို့လို တာဝန်ခံအရာရှိကြီးတွေက ချိတ်ဆက်ဆောင်ရွက်ပေးနေတယ်ဆိုတာ စိစစ်ဖော်ထုတ်ချက်များအရ သိရှိရပါတယ်။

**မူးယစ်ဆေးဝါးကနေရရှိတဲ့အကျိုးအမြတ်တွေကို AA အဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ စီမံမှုနဲ့ လက်နက်ခဲယမ်း၊ ရိက္ခာဖြည့်တင်းတာတွေ၊ တပ်စခန်းတည်ဆောက်တာတွေ၊ AA အဖွဲ့ဝင်တွေအတွက် ထောက်ပံ့မှုတွေမှာ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ယင်းဝင်ငွေ ၇၀ ရာခိုင်နှုန်းကို လက်နက်ခဲယမ်းဝယ်ယူဖြည့်တင်းမှုမှာအသုံးပြုကာ နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနဲ့ ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနဲ့ စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း စတဲ့နိုင်ငံဖြတ်ကျော်မှုခင်းတွေ ကျူးလွန်နေတာကို တွေ့ရှိရပါတယ်။**

**အပိုင်း(၂)ဆက်လက်ဖော်ပြသွားပါမည်။**

**❒ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးသယ်ဆောင်သူ AA တပ်ဖွဲ့ဝင်များရဲ့ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ငန်းတွေမှာ တာဝန်ပေးအပ်ခံရသူတွေဟာ AA ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ လူယုံတွေပဲဖြစ်ပြီး အဓိကတာဝန်ယူကြိုးကိုင်သူကတော့ AA အဖွဲ့က အတွင်းရေးမှူးဆိုသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်ဟန်ဖြစ်ကြောင်း သိရှိရပါတယ်။ အဖမ်းခံရသူတွေဟာ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းချခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ AA အဖွဲ့အစည်းအတွက် တာဝန်ပေးအပ်ခံရလို့ လုပ်ဆောင်နေခြင်းဖြစ်တယ်လို့ ဆိုပါတယ်။**



၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက်တွင် ကော့သောင်းမြို့ အနောက်ဘက်ပင်လယ်ပြင်၌ AA အကြမ်းဖက်အဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံများပါဝင်သော မူးယစ်မှောင်ခိုဂိုဏ်းအား မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ငွေကျပ် ၂၀၀ ဒသမ ၃၂၅ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၄ ဒသမ ၁၁၃ တန်၊ အိုက်စ်အရည် ၁ လီတာ၊ ကက်တမင်း ၃ တန်တို့နှင့်အတူ ဖမ်းဆီးရမိမှု။

**❒ မူးယစ်ဆေးဝါးကနေရရှိတဲ့အကျိုးအမြတ်တွေကို AA အဖွဲ့ ခေါင်းဆောင်ထွန်းမြတ်နိုင်ရဲ့ စီမံမှုနဲ့ လက်နက်ခဲယမ်း၊ ရိက္ခာဖြည့်တင်းတာတွေ၊ တပ်စခန်းတည်ဆောက်တာတွေ၊ AA အဖွဲ့ဝင်တွေအတွက် ထောက်ပံ့မှုတွေမှာ အသုံးပြုနေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ယင်းဝင်ငွေ ၇၀ ရာခိုင်နှုန်းကို လက်နက်ခဲယမ်းဝယ်ယူဖြည့်တင်းမှုမှာအသုံးပြုကာ နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်းများနဲ့ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနဲ့ စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း စတဲ့နိုင်ငံဖြတ်ကျော်မှုခင်းတွေ ကျူးလွန်နေတာကို တွေ့ရှိရပါတယ်။**



၂၀၂၅ ခုနှစ် မတ်လ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း AA အကြမ်းဖက်အဖွဲ့ဝင်များပါဝင်သော မူးယစ်မှောင်ခိုဂိုဏ်းအား ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ တန်ကျော်၊ ကက်တမင်း ၂၀၀ ကီလိုတို့နှင့်အတူ ဖမ်းဆီးရမိမှု။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ







အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၆ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း (၁၁၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၅၂၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၁၉၀) တန်၊ အခြားသစ် (၈ ဒသမ ၀၀၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၃၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၅ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်မြို့ပြည်တော်အေးရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ လေးတိုင်စင်ကျေးရွာ၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ်(၁)စီးနှင့် လက်ကိုင်ဖုန်း (၁)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၆ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၆)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၅ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့၊ အမှတ် (၃)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၀၀၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၄ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်အခြားသစ် (၄ ဒသမ ၅၃၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၇၉)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဩဂုတ်လ ၂၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထူးပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဝင်ရောက်ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၂၉၁၈၆၉၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-10 ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၀၉၇၅၃၇) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၄)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၅၇၈၆၃၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၈ ရက်**တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ(၆)မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၄၁၀၀၀)** ဖမ်းဆီးရမိခဲ့သည်။

**ဩဂုတ်လ ၂၇ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၆)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၁)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၈၉၃၇၂၃၃၁)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၃၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၈ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၃ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၄၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂
**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ စနစ်တကျပြန်လည်နေထိုင်နိုင်ရေးနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ

လွိုင်ကော် ဩဂုတ် ၂၈

ကယားပြည်နယ်အတွင်းရှိယာယီနေရပ်စွန့်ခွာပြည်သူများ စနစ်တကျပြန်လည်နေထိုင်နိုင်ရေးနှင့် ပြန်လည်နေထိုင်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ပန်ကန်း) ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရန် ကျောင်းသန့်ရှင်းသာယာရေးဆောင်ရွက်ပေးနေမှုနှင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းအုပ်ကြီးရုံးခန်းနှင့် စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန်လိုအပ်မှုအခြေအနေကိုလည်းကောင်း၊ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းနှင့် သိပ္ပံလက်တွေ့စမ်းသပ်ခန်းများ ပြန်လည်ပြုပြင်ရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မိုင်းလုံးရပ်ကွက်ရှိ ရေစက်ရုံအမှတ်(၁)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘီလူးချောင်းရေမြင့်တက်နေမှုကြောင့် စက်ရုံအတွင်းချောင်းရေဝင်ရောက်မှု မရှိစေရေးနှင့် ဝင်ရောက်လာပါက ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများ၊ ရေစက်ရုံပစ္စည်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် မြို့ရေပေးဝေရေးပြတ်တောက်မှုမရှိစေရေးလိုအပ်သည်များ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။



ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန် ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ လွိုင်ကော်မြို့ ဒေါ်ဥခုရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ဘင်ခရာအဖွဲ့က ဂုဏ်ပြုသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများနှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၂၀၂၅ ခုနှစ် အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာလ ၇ ရက်အထိ ၁၂ ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စောတင့်**

# သာယာဝတီခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေးကွင်းဆင်းကြည့်ရှု

သာယာဝတီ ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများသည် ဩဂုတ်လ ၂၇ ရက်နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပေးကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် သာယာဝတီမြို့နယ် ဆရာစံမြို့သစ် အလယ်ကုန်းရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးချိုတေး၏နို့စားနွားကောင်ရေ ၅၀ မွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသထွက်နွားနို့များ လေလွင့်မှုမရှိစေရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေး နို့ပေါင်းစက်နှင့်အအေးပေးစက်များထားရှိရန်၊ ခြံလှောင်မွေးမြူမှုစနစ်မှရရှိလာသည့်တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများအား သဘာဝမြေဩဇာထုတ်လုပ်ရန်၊ ထွက်ရှိလာသည့်နွားနို့များအား ကုန်ကြမ်းအဆင့်အဖြစ် မရောင်းချဘဲ တန်ဖိုးမြှင့်နို့ထွက်ကုန်ချောပစ္စည်းများအဖြစ်ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် နေဗီယာမြက်တိုးချဲ့စိုက်ရန် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ပေါ်ဆန်း(ရေဆင်း-၁)၊ ရွှေဘိုပေါ်ဆန်း၊ ပုသိမ်ပေါ်ဆန်းနှင့်ပေါ်ဆန်းရင်မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၀၁)ရှိတစ်ကွင်းတစ်ဆက်တည်း မိုးစပါးစိုက်ဧက ၄၀၀ နှင့် မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာအုပ်စုရှိ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးစိုက်ဧက ၂၅၀ စုပေါင်းတမန်းနှိုး၊ ပေါင်းလိုက်သွင်းအားစုကြဲပက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှမြို့နယ် သစ်တူးအိုင်ကျေးရွာ၌ ဦးသက်လွင်၏ အော်ဂဲနစ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရေးအလုပ်ရုံသို့ရောက်ရှိခဲ့ပြီး တောင်သူကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး အသိပညာပေးခြင်းများ ပူးပေါင်းဆောင်ရွက်ပေးရန်မှာကြားပြီး မင်းလှ-မိုးညိုကားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လမ်းပိုင်းအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းအောင်မြင်စွာဆောင်ရွက်နေသော ဦးဇော်ဝင်း၏ဥစားကြက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ မိုးညိုမြို့ မြို့ပတ်လမ်းမြို့မရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းထိုက်၏ ဘယ်လ်ဂျီယံနိုင်ငံမှ လန်းဒရေ့မျိုးအသားတိုးဝက် ၄၃ ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေလွှဲဆည်၊ ရေလှောင်ကန်နှင့် ဆက်စပ်ရေအားအဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ကဂျိကိ(KAJIKI)၏ အရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေလွှဲဆည်၊ ရေလှောင်ကန်နှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေလွှဲဆည်သို့ရောက်ရှိပြီး လက်ရှိ ရေကျော်ကျစီးဆင်းသည့် ပမာဏသည် ၄ ဒသမ ၅ ပေအထိသာရှိပြီး ရာဂိမုန်တိုင်းတိုက်ခတ်စဉ်က ၁၁ ဒသမ ၈ ပေထိ ရေကျော်ခဲ့သည့်အတွက် ယခုရေကျော်ကျ စီးဆင်းမှုပမာဏများပြားမှုမရှိသော်လည်း ရေလွှဲဆည်ကြံ့ခိုင်မှုအား ၂၄ နာရီ တာဝန်ချထားရန်၊ ဌာနမှထုတ်ပြန်ထားသည့် မျက်မြင်စစ်ဆေးတွေ့ရှိမှု၊ တိုင်းတာစစ်ဆေးမှုလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် လျှောင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် မဒန်းဆည်ရေသောက်စနစ်နှင့် ချောင်းမငယ်ဆည်ရေသောက်စနစ်အတွင်းရှိရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ရေပေးအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ပြုပြင်ရန်ကျန်ရှိသည့်လုပ်ငန်းများကို မူလဒီဇိုင်းပုံစံအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်သွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး၊ လျာထားစိုက်ဧကများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရေးကြိုးစားဆောင်ရွက်ကြရန်နှင့် မိုးရေချိန်များပြားစွာရွာသွန်းလာပါက ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီးရှိ ဆင်အိုကန်သို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရေလှောင်ကန်၏ ရေပြည့်မှတ်အထက်တွင် ရောက်ရှိနေသောကြောင့် ရေလှောင်ကန်ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၂၅(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၁:၀၀ အတွေးအမြင်
၅။ ၁၂:၀၀ မြန်မာ့ရှုခင်း
၆။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၇။ ၁၅:၀၀ ဓာတ်လမ်းတို
၈။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၉။ ၁၇:၀၀ သီချင်းလက်ဆောင်
၁၀။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ သုဘာသိတာစ ယာဝါစာ**

## MWD Variety Channel

၂၉-၈-၂၀၂၅(သောကြာနေ့)

၁။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၂။ ၁၂:၂၀ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၃။ ၁၄:၄၀ သောတဆင်စရာ တေးမြန်မာ
၄။ ၁၅:၄၅ ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ

# ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဆိုင်ရာဖွံ့ဖြိုးမှုပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David William Mclachlan-Karr အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့အကြား ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံမှုသို့ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မန္တလေးငလျင်ကြီးဒဏ်သင့် စွမ်းအင်ဝန်ကြီးဌာနမှဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်သည့် ယာယီအဆောက်အအုံများသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မန္တလေးငလျင်ကြီးဒဏ် ခံစားခဲ့ရသော စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သည့် ယာယီအဆောက်အအုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ယာယီအဆောက်အအုံများရှိကွပ်ကဲရေးရုံးတွင် တာဝန်ရှိသူများက Modular House နှင့် Container များတွင် ဝန်ထမ်းများနှင့် မိသားစုများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်ရာတွင် အဆင်ပြေမှုရှိစေရေးအတွက် လိုအပ်ချက်များကို ဖွဲ့စည်းထားရှိသည့် သက်ဆိုင်ရာကော်မတီအသီးသီးမှ အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေမှသာ လုပ်ငန်းခွင်အတွင်း စိတ်အေးချမ်းသာစွာ လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Container House အတွင်းနေထိုင်ကြသည့် ဝန်ထမ်းများအနေဖြင့် အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေ၊ ဝန်ထမ်းများ အပန်းဖြေအနားယူနိုင်ရန် Camp Theater ဆောင်ရွက်ပေးထားမှုအခြေအနေ၊ အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများ စနစ်တကျထားရှိမှု၊ ရေချိုးဆောင်နှင့် အများသုံးသန့်စင်ခန်းများ ကောင်းမွန်စေရေး စီမံဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းများ အဆင်ပြေချောမွေ့စေရေး စားသောက်ဆိုင်နှင့် ကုန်ခြောက်ဆိုင်များဖွင့်လှစ်ဆောင်ရွက်ပေးထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မိတ္ထီလာမြို့ရှိတက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများအား ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Project Paper များ ရေးသားရာတွင် ခေါင်းစဉ်ရွေးချယ်မှု မှန်ကန်မှုရှိရန် လိုအပ်ပြီး မိမိတို့ဒေသတွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် မိမိတို့ဒေသကိုအကျိုးပြုသည့် Project Paper များ ရေးသားကြစေလိုကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ စာမေးပွဲနီးကပ်လာပြီဖြစ်၍ စာမေးပွဲမေးခွန်း လုံခြုံမှုရှိစေရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ်ညောင်ကိုင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်ကျောင်းသား၊ကျောင်းသူများအေးချမ်းစွာ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကိုကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ မိတ္ထီလာတက္ကသိုလ် အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံဆွေးနွေးသည်။

ထို့နောက်မိတ္ထီလာမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ဆရာ၊ ဆရာမများက လက်ရှိဆောင်ရွက်လျက်ရှိသည့် သင်ကြားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ မြဝတီ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် ဩဂုတ် ၂၈

အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ်၊ ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ဘဏ်များမှ ချေးငွေထုတ်ချေးရာတွင် ဆောင်ရွက်ရမည့် ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ်(SOP)အား သက်ဆိုင်ရာဝန်ကြီးဌာနများ၏သဘောထားမှတ်ချက်များအရ ပြင်ဆင်အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ဘဏ်များနှင့် Finance Company များက ပါဝင်ဆောင်ရွက်လိုကြောင်း လျှောက်ထားချက်များပေါ်မူတည်၍ ဘဏ်များ၏ ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုပေါ်မူတည်၍ ပထမအဆင့်အနေဖြင့် ပုဂ္ဂလိကဘဏ် ရှစ်ဘဏ်နှင့် Finance Company (၂) အား ရွေးချယ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါဘဏ်နှင့် Finance Company များမှ တစ်ဆင့်ချေးငွေများလျှောက်ထားနိုင်ကြောင်း၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညွှန်ကြားရေးမှူးချုပ်များမှဌာနအသီးသီး၏လုပ်ဆောင်ချက်များနှင့်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ မူဝါဒများကို ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ဘဏ်နှင့် Finance Company များသို့ ရှင်းလင်းပြီး ဦးစားပေးကဏ္ဍများဖြစ်သည့် ကုန်သွယ်ရေး၊ MSME လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသို့ ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် စတင်ထုတ်ချေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကျင်းပမည့်နေ့ရက်နှင့် ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပမည့် နေ့ရက်များပေါ်မူတည်၍ ချေးငွေစိစစ်ဆောင်ရွက်ရမည့်ကိစ္စရပ်များအား ဆွေးနွေးအတည်ပြုသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသည့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ယခုဆောင်ရွက်ပေးမည့် ချေးငွေအစီအစဉ်တွင် ဦးစားပေးထုတ်ချေးလိုသည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြီး မြန်မာနိုင်ငံဘဏ်များအသင်း၊ ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်း ဦးစားပေးကဏ္ဍများနှင့် ဦးစားပေးဒေသများအလိုက် ချေးငွေ ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP) အသေးစိတ်နှင့် ပထမအဆင့် လျှောက်ထားနိုင်သည့် ဘဏ်နှင့် Finance Company များ၏စာရင်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးအပ်ပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အမျိုးသားဖူဆယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဖူဆယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ် အမျိုးသားဖူဆယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးဖူဆယ်အသင်းကို ၅ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိသည်။

ထိုသို့ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံးဂိုးသမားဆုရရှိသူအား ဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း၊ အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း၊ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသော ကချင်ပြည်နယ်အမျိုးသားဖူဆယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုတို့ကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဖူဆယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ်အမျိုးသားဖူဆယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကိုလည်းကောင်း အသီးသီးပေးအပ်သည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို ဩဂုတ်လ ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပကြောင်း သိရသည်။

(၄၀၅)

## ၂၈-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၂၉°c |
| ရန်ကုန် | ၂၄°c | / | ၃၃°c |
| မန္တလေး | ၂၅°c | / | ၃၁°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုး ပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့နှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲဒုတိယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ ပင်လယ်နယ်နိမိတ် သတ်မှတ်ခြင်းကိစ္စရပ်များ၏ အရေးပါမှုများနှင့် ဆွေးနွေးပွဲအပြီး မျှော်မှန်းချက်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များက လူကိုယ်တိုင်ပါဝင်တက်ရောက်၍လည်းကောင်း၊ မြန်မာသံရုံး စင်ကာပူမြို့မှ သံအမတ်/ သံရုံးယာယီတာဝန်ခံက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍လည်းကောင်း မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်ကိစ္စရပ်များကို ဥပဒေရေးရာနှင့် နည်းပညာရှုထောင့်တို့မှ ဆက်လက်ဆွေးနွေးခဲ့ကြသည်။





နှစ်ရက်တာ ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား လက်တွေ့ဆောင်ရွက်နေသည့် နယ်နိမိတ်ဆိုင်ရာ လုပ်ငန်းဆောင်တာများကို မျှဝေဆွေးနွေးပေးနိုင်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများအပေါ် သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်နိုင်ခဲ့သည်။ ဆွေးနွေးပွဲများအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်က ဆွေးနွေးပွဲတွင် အဓိကပါဝင်ဆွေးနွေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

# ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် AREOPA စီမံခန့်ခွဲမှု အကြံပေးကုမ္ပဏီ၏ ဒုတိယအမှုဆောင်ချုပ် ဒေါက်တာဘိုနဗန်းချားနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ




နေပြည်တော် ဩဂုတ် ၂၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အခြေစိုက် AREOPA စီမံခန့်ခွဲမှုအကြံပေးကုမ္ပဏီ၏ ဒုတိယအမှုဆောင်ချုပ်ဒေါက်တာဘိုနဗန်းချားနှင့်တာဝန်ရှိသူများကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ MSME များအား ပံ့ပိုးနိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ ငွေကြေးထောက်ပံ့မှုများဖြင့် စွမ်းရည်မြှင့်တင်ရေးစင်တာများ တည်ထောင်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံရှိ MSME များ အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်လာရေးတို့နှင့်ပတ်သက်၍ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အသိဉာဏ်ဆိုင်ရာဆန်းသစ်တီထွင်မှုရှိရေးနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုရှိလာစေရေးတို့အတွက် ရန်ပုံငွေဖြင့် ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး၊ ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှုတွင် လိုက်ပါနိုင်ရေး၊ အစိမ်းရောင်ဂေဟစနစ်နှင့်ကိုက်ညီပြီးရေရှည်တည်တံ့သည့် MSME များ ဖြစ်လာစေရေး၊ ပို့ကုန်များ မြင့်တက်လာရေး၊ MSME ကဏ္ဍတွင် လူငယ်နှင့် အမျိုးသမီးစွန့်ဦးတီထွင်မှုလုပ်ငန်းရှင်များ ပိုမိုပါဝင်နိုင်ရေးအတွက် အားပေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အခြေစိုက် AREOPA စီမံခန့်ခွဲမှုအကြံပေးကုမ္ပဏီမှ ဒုတိယအမှုဆောင်ချုပ်နှင့် တာဝန်ရှိသူများ၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြဝတီ

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေး

နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် အတူ ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာသို့ သွားရောက်၍ ရေဝင်ရောက်မှုအခြေအနေအား ကြည့်ရှု၍ ယာယီဆေးခန်းဖွင့်လှစ်ကာ ရေဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်နေမှုများကို ကြည့်ရှုပြီး လူနာများကို အားပေးစကားပြောကြား၍ ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေတွင်းဖြူကျေးရွာရှိ ရေတွင်းဖြူကျောင်းတိုက် ရေဘေးရှောင်စခန်းသို့ သွားရောက်၍ ယာယီဆေးခန်းဖွင့်လှစ်၍ ရေဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်နေမှုများကို ကြည့်ရှုပြီး စခန်းတာဝန်ခံကို တွေ့ဆုံ၍ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ညောင်ပင်သာကျေးရွာရှိ ပြန်လည်ထူထောင်ရေးစီမံကိန်းသို့သွားရောက်ကာ ရေဝင်ရောက်မှုအခြေအနေကိုကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရေဝင်ရောက်ခဲ့သော ရပ်ကွက်နှင့် ကျေးရွာများတွင် ကူးစက်ရောဂါကာကွယ်ရေးနှင့် သောက်သုံးရေသန့်ရှင်းရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် ခုတင် ၁၀၀ ဆံ့ တပ်ကုန်းမြို့နယ်ဆေးရုံသို့သွားရောက်ပြီး ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာ ကိုးခန်းကြီးဘုရားတွင်ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းသို့သွားရောက်ကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ယာယီဆေးခန်းဖွင့်လှစ်ကုသပေးမှုများကိုကြည့်ရှုစစ်ဆေးကာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှင့် ဆေးကုသရေးအဖွဲ့များ အလှည့်ကျတာဝန်ချထားရေး၊ ဆေးစိမ်ခြင်ထောင်များ ပေးဝေရေး၊ သက်ကြီးဘိုးဘွားများအား သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ စစ်ဆေးကုသမှုပေးရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေနှင့်စခန်းတာဝန်ခံအား တွေ့ဆုံ၍ ရေဘေးရှောင်ပြည်သူများအတွက် ကြက်ဥ၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing will pay a working visit to the People's Republic of China

NAY PYI TAW August 28

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing will pay a working visit to the People's Republic of China at the invitation of the President of PRC H.E. Mr. Xi Jinping in the near future.

During the visit, the Senior General will attend the Shanghai Cooperation Organisation – SCO SUMMIT 2025, to be held in Tianjin, the PRC, and the 80th Anniversary of the Victory of the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War to be held in Beijing, hold talks with PRC President H.E. Mr. Xi Jinping, other leaders of the States who will attend the events, and officials of PRC government, visit landmarks and sectors such as educational, industrial production and economic sectors. Discussions will be centred on further promoting and cementing friendship and cooperation in multi-sectors including the economic sector between the governments and the peoples of the two countries. **100**



Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing will pay a working visit to the People's Republic of China at the invitation of the President of PRC H.E. Mr. Xi Jinping.

**From Page - 19**

workplaces, using factory-produced raw materials and goods for military preparations or personal gain, and extracting and selling valuable minerals from mines for their own profit.

As a combined force, TNLA and MDY-PDF terrorists, with the encouragement of the NUG, aimed to fully capture Madaya area by securing a strong foothold at the Alpha Cement Plant and the Phayaungtaung mining site. Starting from 18 July 2025, they launched a heavy attack on a lightly defended security outpost in Myakantha Village in the eastern Madaya region. According to strategy, the outpost conducted a temporary withdrawal on the night of 20 July 2025, and on the morning of 21 July, the pre-positioned main counterattack units struck back with overwhelming force and heavy weapons, reclaiming the position and forcing the terrorists to retreat in disarray.

Furthermore, security forces carried out detailed preparations to reclaim government-owned factories and workplaces that had been occupied and fortified by the combined TNLA and MDY-PDF terrorist forces. Starting from 21 July 2025, Tatmadaw launched a full-scale counteroffensive to completely wipe off terrorists from the Alpha Cement Plant and Phayaungtaung mining site in Madaya region. The counteroffensive was executed along four columns: one column advancing from Ma-daya–Bokone–Kyauktada route, one from Myakantha Village, one from Pansalaung Hill, and one from Baingpin Village, with coordinated attacks carried out in successive stages to increase momentum and pressure. In these operations, security forces, with the full support of local residents, their high morale, determination, and fighting spirit, employed a step-by-step combined strategy of 'bold advance, fierce attack, and decisive destruction.' This allowed security members to systematically assault and dismantle fortified positions constructed by the terrorists, including concrete bunkers, underground tunnels, and earthen pits. As a result, the security forces successfully regained control of the Phayaungtaung mining area, which had been firmly held by MDY-PDF terrorists on 24 August and the Alpha Cement Plant, with minimal casualties among and minimal damage to factories and workplaces today. The terrorists, suffering heavy losses, were forced to retreat in disarray toward the northern part of Madaya area.

During the one-month and seven-day period of the operation to retake and control the area, there were 24 major and minor clashes with the terrorist alliance of TNLA and MDY-PDF. Some members of the security forces sacrificed their lives for the state and sustained injuries, while 15 bodies of the terrorists were recovered, along with 46 various weapons, ammunition, and related materials.

During the operation to retake control, the terrorist alliance of TNLA and MDY-PDF used cement produced from the Alpha Cement Factory and a large number of Alpha-branded cement bags to build concrete bunkers, foxholes, and communication trenches in their strongholds. Although they fortified their positions and attempted to block and attack the Tatmadaw columns in stages, the Tatmadaw columns exercised restraint and carried out the assault with caution, mi-nimizing damage to buildings and machinery in the factory and mining areas during the retaking of the site.

The Alpha Cement Factory is located near Aung Tha Pyay Village, Dahattaw Village Tract, Patheingyi Township, Mandalay Region. Construction began in 2017, and production started in August 2020. The factory employs 80 foreign experts and 300 local workers, producing 5,000 tons of cement daily. It significantly meets the regional demand for cement. While terrorist groups were using the factory as a stronghold, it could not operate, leading to a high demand for cement in the region, soaring prices, and job losses, causing severe difficulties for local residents. Additionally, the March 28, 2025, Mandalay earthquake caused significant damage to buildings in Mandalay, creating a high demand for cement for reconstruction. The terrorist acts of these groups have severely impacted the socio-economic lives of local residents.

Similarly, the Phayaungtaung mining operation (gold refining) was managed by the Ministry of Mines from 1986 to 1997 for the benefit of the State. After 1998, it was leased to private factory operators. This mining operation extracts and refines the country's precious raw gold ore, contributing to the economic development of the State and its people while providing employment opportunities for over 170 workers. During the temporary occupation by the terrorist alliance of TNLA and MDY-PDF, operations were halted. The valuable state-produced raw mining materials were extracted and sold for the personal gain of PDF leaders, causing significant losses to the state, the public, and factory employees.

Now that the Tatmadaw has retaken the Alpha Cement Factory and the Phayaungtaung mining operation, which were temporarily occupied by the terrorist alliance of TNLA and MDY-PDF, necessary repairs will be made to the factory buildings and machinery damaged by the terrorist groups to resume operations. This will enable the affordable supply of cement to meet regional demand and restore job opportunities for local residents.

Tatmadaw columns will continue to clear the remaining areas controlled by the terrorist alliance of TNLA and MDY-PDF between Madaya and Thabeikkyin townships. Along with the clearance operations, efforts will be made to minimize damage and losses to state and privately owned valuable mining sites, factories, and workshops. **100**

From Page - 21

giving terrorism courses to them, and producing them as terrorists under the name of MDY-PDF. In this way, they have been forcibly recruiting members and providing encouragement, while also cooperating with TNLA terrorist groups. Starting from 25 June 2024, they began military terrorist activities in the area adjoining Shan State and Mandalay Region under the title of the Shan-Man Operation, aiming to capture Mandalay city, which is the focus of their military ambitions. In order to totally occupy Mandalay, they set Mandaya column, Patheingyi column and PyinOoLwin column leading to Mandalay with attacks. During the period, they attacked security forces and security outposts stationed along Mogok-Thabeikkyin-Madaya-Mandalay route and nearby towns and villages as well as government and privately-owned factories and workplaces with full forces. These actions were conducted simultaneously with military activities in Kachin State and northern Shan State (North) with attempt to reach Mandalay.



Tatmadaw columns restore Alpha Cement Factory in Patheingyi Township.



TNLA and MDY-PDF terrorists used cement and Alpha brand cement bags to build fortified positions.


Despite the overwhelming strength of these terrorists, security forces courageously and resolutely defended towns, villages, and government and privately-owned factories and workplaces, with sacrifice of their lives to prevent these areas from falling into the hands of the attackers. However, the terrorists created additional strength by forcibly recruiting local civilians along their routes and using them in attacks. As a result, security forces suffered increasing casualties and injuries. To minimize damage and losses to civilians' homes and national-interest factories and workplaces, security forces systematically carried out phased withdrawals, organized controlled defensive operations, and, conducted coordinated counterattacks and tactical operations over a designated period in Madaya area. Although TNLA and MDY-PDF terrorists, operating as a combined force in the eastern Madaya area, launched a full-scale attack to reach Mandalay, Tatmadaw members unwavering spirit, fierce determination, and courageous resistance for the State, Tatmadaw, and the local people successfully halted the terrorists' offensive. As a result, by July 2024, the clashes were stopped in areas including Yenatha Village, north of Madaya, Alpha Cement Factory in the east, and around Phayaungtaung mining area.



Seized uniforms, other items and arms.




Tatmadaw columns liberate Phayaungtaung mines in Patheingyi Township.




Fortified defence structures of TNLA and MDY-PDF terrorists.

During the period when the attacks of these terrorists were halted, they carried out destructive actions in the surrounding villages, including looting civilian property, extorting money, asserting dominance through armed force, burning and destroying machinery, vehicles, and buildings in factories and

See Page - 18



Captured enemy bodies and arms and ammunition of TNLA and MDY-PDF terrorists.




A captured body and arms and ammunition and other items of TNLA and MDY-PDF terrorists.

# Putin to attend 80th Anniversary of WWII Victory in China

MOSCOW August 28

Leaders and heads of government from 26 countries are set to take part in celebrations marking the 80th Anniversary of the end of World War II in China, Xinhua News Agency reported.

Russian President Vladimir Putin was listed first among the foreign leaders, followed by North Korean leader Kim Jong Un.

According to China's Foreign Ministry, Putin's visit to Beijing underscores the determination of Russia and China to defend the legacy and outcomes of World War II.

The upcoming visit of Russian President Vladimir Putin to China is unprecedented, Kremlin spokesman Dmitry Peskov said on Wednesday.

"Putin's absolutely unprecedented visit to China will take place, for which preparations are actively underway," Peskov told reporters.

**Sputnik**



# Brussels calls for pipeline security after Ukrainian strikes on key route

BRUSSELS August 28

The European Commission has contacted Kiev over Ukrainian missile strikes on the Druzhba pipeline that transmits oil from Eurasia into Western Europe, calling it vital to the continent's energy security. Ukrainian forces have hit the route three times in August alone.

One of the world's longest energy networks, Druzhba spans roughly 4,000 kilometers (2,485 miles), carrying oil from Russia and Kazakhstan to refineries in Hungary, Slovakia, the Czech Republic, Germany, and Poland. Passing through Ukraine, it remains the primary route for deliveries to Hungary and Slovakia.

"The EC is in contact with the Ukrainian side and calls on all parties of the conflict to ensure the security of critical infrastructure," spokeswoman Eva Hrncirova said, responding to whether the Commission had urged Kiev to refrain from striking the pipeline.

She added that the pipeline is "an important asset for EU energy security," but emphasized that according to the Commission's assessment, the latest strikes have not affected the bloc's energy security.

Kiev's most recent attack nearly a week ago effectively halted Russian oil deliveries to Slovakia and Hungary, prompting the two EU countries to demand action from the Commission.

On Wednesday, Slovak Economy Minister Denisa Sakova said the pipeline was back online after a week-long disruption caused by Ukrainian strikes. Hungarian oil group MOL, which operates refineries in Hungary and Slovakia, confirmed that oil supplies had been restored.

The attacks have been condemned by both the Hungarian and Slovak governments, which have often criticized EU support for Kiev. Hungarian Foreign Minister Peter Szijjarto said earlier this week that the attacks jeopardize Hungary's energy security and called it "outrageous that the EC keeps on claiming there is 'no supply risk'."

Slovak Foreign Minister Juraj Blanar said the strikes not only directly undermined his country's national interests but also harmed Ukraine, noting that Kiev relies on diesel fuel supplies from Slovakia.

According to a letter shared by Hungarian officials, US President Donald Trump also expressed frustration over the attacks, saying he was "very angry" about them.

Moscow has consistently condemned Ukrainian attacks on civilian energy infrastructure as acts of terrorism.

**RT**

# Scientists decode new black hole behavior from gravitational wave data

SYDNEY August 28

More than 80 Australian researchers, among over 600 scientists globally, have published data on the whole catalogue of gravitational-wave observations accumulated since 2015, unveiling new insights into black hole behavior.

In total, 218 events have been recorded with 161 of the most significant revealing three types of binary mergers: binary neutron star, neutron star-black hole, and binary black hole mergers, according to a statement released Thursday by Australia's Monash University.

Black holes have such strong gravity that nothing, not even light, can escape it. This makes them difficult to detect with conventional telescopes, the statement said, adding they are characterized by their masses, measured in units equivalent to the mass of our Sun, and their spins.

Many aspects of these black holes and the stars that form them remain a mystery, said lead Australian author Christian Adamcewicz from Monash University and the ARC Centre of Excellence for Gravitational Wave Discovery.

"Taking the 161 mergers seen in the last decade, we've been able to decipher aspects of their behavior from their masses," Adamcewicz said.

"We found that most black holes have masses less than about 40 times that of our Sun," he said.

"For a while, we've had this hypothesis that heavy black hole progenitors, the stars we would normally expect to turn into black holes heavier than 40 Suns, create supernovae so explosive that any evidence of them is annihilated," Adamcewicz said.

He said the newly discovered drop off in observations matches that prediction.

**Xinhua**

# Mongolia's measles death toll rises to 11

ULAN BATOR August 28

Mongolia's measles death toll has reached 11 after one more related death was registered, the National Center for Communicable Diseases said on Thursday.

Meanwhile, 16 people remained in hospital, including two critically ill children.

The center advised parents to protect their children from a potentially severe disease by getting them two doses of measles vaccines.

Measles is a highly contagious viral disease transmitted by respiratory droplets and direct contact.

**Xinhua**

# School shooting in U.S. Minneapolis leaves two children dead, 17 injured



LOSANGELES August 28

The suspect who shot dead two children and injured 17 others on Wednesday at a Catholic school in the city of Minneapolis, Minnesota, has been identified, authorities said.

The shooter has been identified as Robin Westman, noted Kash Patel, Director of the U.S. Federal Bureau of Investigation (FBI), adding that the agency is investigating the shooting as "an act of domestic terrorism and hate crimes targeting Catholics."

In his post on the social platform X, he confirmed: "There were 2 fatalities, an 8-year-old and a 10-year-old. In addition, 14 children and 3 adults were injured."

Local and federal officials said the 23-year-old shooter resided in the Minneapolis area.

The shooter then killed himself in the rear of the church, O'Hara said. The suspect was in his 20s and did not have an extensive criminal history, he added.

The tragedy in Minneapolis marked the fifth planned school shooting involving active shooters in the United States in 2025, according to a school shooting tracker by NBC News.


A total of 286 mass shootings have occurred in the United States so far this year, according to the Gun Violence Archive, which defines a mass shooting as an incident in which four or more people, excluding the perpetrator, are shot or killed.

**Xinhua**

# Tatmadaw columns liberate Alpha Cement Factory and Phayaungtaung mines, briefly controlled by a combined terrorist group of TNLA and MDY-PDF will be able to restore local job opportunities



Arms and ammunition and accessories seized from TNLA and MDY-PDF terrorists.



The map and photos show the Tatmadaw columns that restore Alpha Cement Factory and Phayaungtaung mines.

NAY PYI TAW August 28

PDF terrorists, subordinates of NUG destructive terrorist group,with the intention of ruining the government administrative machinery were attacking some areas of regions and states with superior force, blowing up, torching and destroying public homes, administrative buildings, and roads and bridges, looting valuables, threatening people with arms, collecting extortion money, demanding daily food supplies, abducting and killing civil servants, monks as informants of government, Tatmadaw and police, and conducting forceful recruitments. Because of the terrorist acts they were committing in cooperation with some EAOs, the areas they arrived became void of transport, business, health and education activities and socioeconomic progress.

Beginning mid-2024, they in cooperation with TNLA armed terrorists, were plotting to seize Mandalay, a commercial and transport hub of the country, under their fantasy dreams.

NUG has been recruiting and gathering young people from Mandalay, Sagaing, and Meiktila plains, as well as disloyal staff from DCS with persuasion,

See Page - 19 ■■



Tatmadaw columns liberate Phayaungtaung mines in Patheingyi Township.



Tatmadaw columns restore Alpha Cement Factory in Patheingyi Township.



TNLA and MDY-PDF terrorists used cement and Alpha brand cement bags to build fortified positions.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## ဂလူးကို့(စ်)က ကင်ဆာကုသမှုအတွက် အဓိကနေရာမှပါဝင်လာနိုင်



အမေရိကန်ရှိ ဗန်အန်ဒယ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ကိုယ်ခံအားကလာပ်စည်းများအတွက် စွမ်းအင်အရင်းအမြစ်ဖြစ်တဲ့ ဂလူးကို့(စ်)အကြောင်းကို ပိုမိုဖော်ထုတ်လိုက်နိုင်ပါပြီ။ သူတို့ရဲ့ ဖော်ထုတ်ချက်အရ တွေ့ရှိလိုက်ရတာက ကိုယ်ခံအားကလာပ်စည်းဖြစ်တဲ့ T cell အနေနဲ့ ကင်ဆာအဖုအကျိတ်များကို စွမ်းအားမြင့်မားစွာ တိုက်ဖျက်နိုင်စေဖို့အတွက် ဂလူးကို့(စ်)က အရေးကြီးအခန်းကဏ္ဍကနေ ပါဝင်နေတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

အရင်တုန်းကသိထားတာက T cell အနေနဲ့ စွမ်းအင်အတွက်သာ ဂလူးကို့(စ်)ကိုချေဖျက်တယ်ဆိုပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဦးဆောင်သုတေသီ ဂျိုးဆပ်လွန်ဂိုရဲ့ တွေ့ရှိမှုအရဆိုရင် T cell များဟာ glycosphingolipids (GSL) လို့ခေါ်တဲ့ မော်လီကျူးတွေဖြစ်လာစေဖို့အတွက် ဂလူးကို့(စ်)ကို အချိုးကျအသုံးပြုတာဖြစ်ပါတယ်။ T cell များရဲ့မျက်နှာပြင်မှာ GSL တွေဖြစ်ပေါ်လာမှသာ T cell အနေနဲ့ ကင်ဆာကိုတိုက်ခိုက်မှုလုပ်ဖို့ GSL နဲ့အတူပါလာတဲ့ ပရိုတိန်းများက အချက်ပေးမှာပါ။ တကယ်လို့ GSL တွေ မဖြစ်ပေါ်ဘူးဆိုရင် T cell ကလည်း ကင်ဆာရောဂါကို တိုက်ဖျက်မှာမဟုတ်ပါဘူး။ ဒါကြောင့် ခန္ဓာကိုယ်တွင်းကထုတ်လုပ်တဲ့ ဂလူးကို့(စ်)များက ကင်ဆာရောဂါ တိုက်ဖျက်ရာမှာ အဓိကနေရာကနေပါဝင်လာနိုင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

## ကမ္ဘာ့ပထမဆုံးကားပျံကို ဆီလီကွန်တောင်ကြားရှိ လေဆိပ်နှစ်ခုတွင် စတင်ပြေးဆွဲပျံသန်းမည်

အမေရိကန်နိုင်ငံ ဆီလီကွန်တောင်ကြားရှိ လေဆိပ်နှစ်ခုမှာ ကမ္ဘာ့ပထမဆုံးသောကားပျံကို စတင်ပြေးဆွဲပျံသန်းတော့မှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုစတင်နိုင်စေဖို့အတွက် ကားပျံကိုထုတ်လုပ်သူဖြစ်တဲ့ အလက်ကုမ္ပဏီက ဟိုလီစတားလေဆိပ်၊ ဟက်မွန်းဘေးလေဆိပ်တို့နဲ့ သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးထားပြီးပါပြီ။




အလက်ကုမ္ပဏီက အလွန်ပေ့ါပါးလှတဲ့ ကားပျံကိုတီထွင်ဖို့အတွက် စီစဉ်ထားခဲ့တာပါ။ အလွန်ပေ့ါပါးတဲ့ကားပျံကိုဖန်တီးပြီးအသုံးပြုဖို့အတွက် ဘယ်လိုမျိုးဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေမှ မလိုအပ်ပါဘူး။

အခု အလက်ကုမ္ပဏီက ဖန်တီးထားတဲ့ ကားပျံက မြေပြင်မှာလည်း ကားတစ်စီးလိုမျိုးမောင်းနှင်နိုင်မယ်။ လေပေါ်ပျံသန်းဖို့မှာလည်း ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်မယ်။ လိုအပ်သလိုလည်း သွားလာနိုင်မယ်လို့ဆိုပါတယ်။ လက်ရှိမှာအလက်ကုမ္ပဏီက သူတို့ရဲ့ကားပျံကိုစမ်းသပ်ဖို့လုပ်ဆောင်နေပါပြီ။ ဒီကားပျံက လျှပ်စစ်စွမ်းအင်ကိုသာအသုံးပြုမှာဖြစ်ပြီး မြေပြင်မှာ မိုင် ၂၀၀ နှုန်း၊ ဝေဟင်မှာ မိုင် ၁၁၀ နှုန်းနဲ့ သွားလာနိုင်မှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

## မျက်စိကိုပုံမှန်စစ်ဆေးခြင်းက အယ်ဇိုင်းမားသတိပေးလက္ခဏာများကို ကြိုတင်သိရှိနိုင်



အယ်ဇိုင်းမားရောဂါဆိုတာ မှတ်ဉာဏ်များပျောက်ဆုံးရတဲ့ လက္ခဏာစုတစ်ခုဖြစ်ပါတယ်။ အရင်တုန်းကတော့ ဒီရောဂါဖြစ်မယ်ဆိုတာကို ကြိုတင်မသိရှိနိုင်ပါဘူး။ အခုတော့ သုတေသနပညာရှင်များရဲ့ လေ့လာမှုအရ လူတစ်ယောက်ဟာ မှတ်ဉာဏ်တွေဆုံးရှုံးမှုမဖြစ်ခင်မှာပဲ အယ်ဇိုင်းမားရောဂါဖြစ်လာနိုင်တယ်ဆိုတာကို ကြိုတင်သိရှိနိုင်ပါပြီ။ ဒီလိုသိရှိနိုင်စေဖို့အတွက် လုပ်ဆောင်ရမယ့်တစ်ခုတည်းသောအရာကတော့ မျက်စိကိုပုံမှန်စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

မိမိတို့ရဲ့မျက်ကြောလွှာမှာ သွေးကြောလေးတွေရှိပါတယ်။ အဲဒီသွေးကြောလေးတွေထဲမှာ မသိမသာပြောင်းလဲမှုလေးတွေက အယ်ဇိုင်းမားရောဂါရဲ့ရှေ့ပြေးလက္ခဏာတွေဖြစ်တယ်ဆိုတာကို တွေ့ရှိရတယ်လို့ Jackson Laboratory (JAX) မှသုတေသနပညာရှင်များကဆိုပါတယ်။

သုတေသနပညာရှင်များက ကြွက်တွေရဲ့မျက်ကြောလွှာရှိ သွေးကြောလေးတွေကျဉ်းမြောင်းပြီးလိမ်သွားတာကိုတွေ့ရတာက အယ်ဇိုင်းမားရောဂါဖြစ်တဲ့သူတွေမှာ တွေ့ရလေ့ရှိတဲ့ သွေးကြောပုံမှန်မဟုတ်မှုနဲ့ဆင်တူတယ်လို့ ကောက်ချက်ချထားပါတယ်။ မျက်ကြောလွှာဆိုတာ ဗဟိုအာရုံကြောစနစ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ရုံသာမက ဦးနှောက်အတွက်မရှိမဖြစ်လိုအပ်တဲ့ တစ်သျှူးတွေကိုမျှဝေအသုံးပြုတာကြောင့် အာရုံကြောကျန်းမာရေးအတွက် ပြတင်းပေါက်လည်းဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## ကမ္ဘာ့အကြီးဆုံးမောင်းသူမဲ့ရေယာဉ်ကို ပင်လယ်ပြင်အတွင်း ခရီးသွားလာလုပ်ငန်းဆောင်ရွက်ခွင့်ပြု





အမေရိကန်သင်္ဘောသွားလာရေးဗျူရို (ABS) က ကမ္ဘာ့အကြီးဆုံးသော မောင်းသူမဲ့ရေယာဉ်ကို ကျယ်ပြောလှတဲ့ပင်လယ်ပြင်အတွင်းသွားလာပြီး လုပ်ငန်းဆောင်ရွက်ခွင့်ပြုလိုက်ပါပြီ။ ရေယာဉ်ကိုတော့ Saildrone Surveyor လို့အမည်ပေးထားပါတယ်။ အလျား ၆၅ ပေရှိတဲ့ ဒီရေယာဉ်က လူထိန်းချုပ်မှုမပါတဲ့ တကယ့်မောင်းသူမဲ့ရေယာဉ်စစ်စစ်ကြီးဖြစ်ပါတယ်။

Saildrone Surveyor ဟာ ပင်လယ်ထဲမှာသွားလာခြင်းအားဖြင့် ပြန်လည်ပေးပို့နိုင်မယ့်အရာတွေက ရေကြောင်းထောက်လှမ်းရေးသတင်းအချက်အလက်များပဲဖြစ်ပါတယ်။ အဲဒီသတင်းအချက်အလက်တွေကို စစ်ဘက်၊ လုံခြုံရေးအဖွဲ့နဲ့ တခြားဝယ်လက်များထံ ပေးပို့နိုင်မှာပါ။

ABS အနေနဲ့ အခုလိုမျိုးရေယာဉ်ကြီးကို ပင်လယ်ပြင်အတွင်းသွားလာခွင့်ပေးလိုက်နိုင်ခြင်းက အောင်မြင်မှုတစ်ခုဖြစ်ကြောင်း၊ ABS ရဲ့နည်းပညာပိုင်းဆိုင်ရာစွမ်းဆောင်ရည်များအတွက် ရင်းနှီးမြှုပ်နှံမှုမှ အသီးအပွင့်ဖြစ်ကြောင်းနဲ့ ဒီလိုမျိုးခွင့်ပြုချက်ရရှိဖို့ Saildrone Surveyor အနေနဲ့ တင်းကျပ်တဲ့စည်းမျဉ်းများကို ဖြတ်ကျော်ခဲ့ရကြောင်းသိရပါတယ်။ **Ref: IE**

ကိုထက်

## အရောင်အမျိုးမျိုးနဲ့ လင်းလက်တောက်ပနိုင်တဲ့အပင်များကို တီထွင်ဖန်တီးနိုင်

တရုတ်နိုင်ငံရှိ တောင်ပိုင်းစိုက်ပျိုးရေးတက္ကသိုလ်မှ သုတေသနပညာရှင်များက အမှောင်ထဲမှာအလင်းရောင်ကိုထုတ်ပေးနိုင်တဲ့ အပင်များကိုတီထွင်ဖန်တီးလိုက်နိုင်ပါပြီ။ အလင်းရောင်ကိုထုတ်ပေးရာမှာလည်း အရောင်တစ်ရောင်တည်းကို ထုတ်ပေးတာမဟုတ်ပါဘူး။ အရောင်စုံကို ထုတ်ပေးတာပါ။ ညဘက်မှာအလင်းရောင်ကိုထုတ်ပေးနိုင်ဖို့အတွက် နေ့ဘက်မှာတော့ နေရောင်ခြည်ရဲ့အလင်းကိုစုပ်ယူကာ အားသွင်းနေကြတာပါ။



ကမ္ဘာကျော်ရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ Avatar ကားထဲမှာဆိုရင် အပင်တွေကနေအရောင်တွေထွက်နေတဲ့အပြင် ပတ်ဝန်းကျင်တစ်ခွင်လုံးလည်း လင်းထိန်နေတာကိုမြင်တွေ့ရတဲ့အပေါ် စိတ်ကူးယဉ်ပြီး အခုလိုမျိုးဖြစ်လာစေဖို့အတွက် စိတ်ကူးပုံဖော်ခဲ့တာဖြစ်တယ်လို့ဦးဆောင်သုတေသီတစ်ဦးဖြစ်တဲ့ ရှုတင်းလျူကဆိုပါတယ်။

ဒါ့အပြင် အခုလိုမျိုးဖန်တီးနိုင်မှုကနေမှတစ်ဆင့် အပင်အခြေခံတဲ့မီးတိုင်လေးတွေဖြစ်လာစေဖို့အထိ ရည်မှန်းထားတယ်လို့လည်း သုတေသီများကပြောထားပါတယ်။ ပညာရှင်များအနေနဲ့ အခုလိုမျိုးရောင်စုံမီးအလင်းတွေထွက်နေတဲ့ အပင်တွေရရှိဖို့အတွက် မိုက်ခရွန်အရွယ်အစားရှိတဲ့ အလင်းရောင်ပေးအမှုန်များကို ရှားစောင်းပင်ကဲ့သို့ အရည်ရွှမ်းတဲ့အပင်တွေထဲမှာထိုးသွင်းခဲ့တာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

# တရုတ်နိုင်ငံ၏ အောင်ပွဲနေ့ အခမ်းအနားသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်မည်

**ပေကျင်း၊ ဆက်ဆံရေး**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် နှစ်(၈၀)ပြည့်အောင်ပွဲနေ့အခမ်းအနားသို့ တရုတ်သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုင်ငံပေါင်း ၂၆ နိုင်ငံမှခေါင်းဆောင်များတက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဟုန်လေက ဩဂုတ်လ ၂၈ ရက်တွင်ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကို အဆုံးသတ်စေသည့် အဆိုပါအောင်ပွဲနေ့ အခမ်းအနားကို စက်တင်ဘာလ ၃ ရက်တွင် ပေကျင်းမြို့၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်သည်။

ယင်းအခမ်းအနားသို့တက်ရောက်မည့် နိုင်ငံ့ခေါင်းဆောင်များတွင် ရုရှားသမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ မြောက်ကိုရီးယားခေါင်းဆောင်၊ ကမ္ဘောဒီးယားဘုရင်၊ ဗီယက်နမ်သမ္မတ၊ အင်ဒိုနီးရှားသမ္မတ၊ လာအိုသမ္မတ၊ မလေးရှားဝန်ကြီးချုပ်တို့အပြင် အခြားနိုင်ငံ့ခေါင်းဆောင်များလည်းပါဝင်သည်။ ထို့ပြင် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များကြား တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# SCO အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကြား ကုန်သွယ်မှုပမာဏ ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိရောက်ရှိ



**ပေကျင်း၊ စီးပွားရေး**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)မှ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကြား ၂၀၂၄ ခုနှစ်အတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း၊ ထိုပမာဏသည် ၂၀၂၃ ခုနှစ်ကုန်သွယ်မှုပမာဏထက် ၂ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက ဩဂုတ်လ ၂၇ ရက်တွင်ပြောသည်။

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် SCO အဖွဲ့ဝင်နိုင်ငံများမှ ဒေါ်လာ ၉၀ ဘီလီယံတန်ဖိုးရှိ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးများ၊ ဒေါ်လာ ၁၃ ဒသမ ၆၆ ဘီလီယံတန်ဖိုးရှိစိုက်ပျိုးရေးထုတ်ကုန်များကို တင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး လင်းကျီက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

ထို့ပြင် SCO အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်တင်သွင်းမှုပမာဏစုစုပေါင်းသည် တရုတ်နိုင်ငံက ပြည်ပမှစွမ်းအင်တင်သွင်းမှုစုစုပေါင်း၏ ငါးပုံတစ်ပုံရှိကြောင်း လင်းကျီက ဆက်ပြောသည်။ အလားတူ တရုတ်နိုင်ငံနှင့် SCO အဖွဲ့ဝင်နိုင်ငံများကြား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်မှုသည် ပြီးခဲ့သည့်နှစ်များအတွင်း တိုးတက်လာကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကျန်းလီက ပြောသည်။

ထို့အတူ SCO အဖွဲ့ဝင်နိုင်ငံများအတွင်း တရုတ်နိုင်ငံက ကုမ္ပဏီပေါင်း ၃၀၀၀ ကျော်ကိုတည်ထောင်နိုင်ပြီး နှစ်စဉ်အလုပ်အကိုင်အခွင့်အလမ်းပေါင်း နှစ်သိန်းကျော်ကိုဖန်တီးပေးနိုင်ကြောင်း ကျန်းလီကဆက်ပြောသည်။ SCO အဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး သက်တမ်းအားဖြင့် ၂၄ နှစ်သို့ရောက်ရှိလာချိန်တွင် ထိုအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့လူဦးရေ ထက်ဝက်နီးပါးကိုကိုယ်စားပြုသည့် အခြေအနေအထိရောက်ရှိလာပြီဖြစ်သည်။

Ref: Xinhua

# သေကြောင်းကြံရန် အကြံပေးတိုက်တွန်း နည်းလမ်းပေးသည့် ChatGPT ၏ မိခင်ကုမ္ပဏီ OpenAI တရားစွဲခံရ

**ဆာခရာမန်တို၊ မှုခင်း**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ အသက် ၁၆ နှစ်ရှိ ယောကျ်ားလေးတစ်ဦး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံအဆုံးစီရင်မှုနှင့်ပတ်သက်၍ ၎င်း၏မိဘများက AI ကုမ္ပဏီဖြစ်သည့် OpenAI ကိုတရားစွဲဆိုထားကြောင်းသိရသည်။

OpenAI ကထုတ်လုပ်ထားသော ထုတ်ကုန်တစ်ခုဖြစ်သည့် ChatGPT သည် ထိုယောကျ်ားလေးကို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစေရန် အားပေးတိုက်တွန်းမှုများပြုသည့်အပြင် အဆုံးစီရင်နိုင်စေရန် နည်းလမ်းများကိုပါပေးခဲ့သည်ဟု သေဆုံးသူ၏မိဘများကပြောသည်။

သေဆုံးသူအာဒမ်သည် ChatGPT နှင့် လပေါင်းများစွာကြာ အပြန်အလှန်စကားပြောဆိုမှုများလုပ်ဆောင်ခဲ့ကြောင်း၊ မူလက အိမ်စာလုပ်ရန်အကူအညီပေးသူအဖြစ် ChatGPT ကိုအသုံးပြုခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် အဆုံးစီရင်ရန်ညွှန်ကြားသူဖြစ်လာခြင်းဖြစ်ကြောင်း တရားစွဲဆိုမှုတွင်ဖော်ပြထားသည်။

Ref: Xinhua

# အိန္ဒိယ၌ လေးထပ်တိုက်၏ အစိတ်အပိုင်းတချို့ပြိုကျ အနည်းဆုံး လူ ၁၇ ဦး သေဆုံး

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှထရာပြည်နယ်၌ ဩဂုတ်လ ၂၇ ရက်တွင် လေးထပ်တိုက်တစ်လုံး၏အစိတ်အပိုင်းတချို့ပြိုကျမှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၇ ဦးသေဆုံးပြီး လူအနည်းငယ်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ဩဂုတ်လ ၂၈ ရက်တွင်ပြောသည်။

အဆိုပါလေးထပ်တိုက်၏အစိတ်အပိုင်းတချို့သည် အနီးရှိအိမ်ရာတစ်လုံးအပေါ် ပြိုကျခြင်းဖြစ်ပြီး ထိုသို့ပြိုကျပြီးနောက် ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာသို့ရောက်လာပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူများကိုဆွဲထုတ်ခြင်းများလုပ်ဆောင်ပေးကြောင်း ပြည်နယ်ဝန်ကြီးချုပ်ကပြောသည်။

အဆိုပါလေးထပ်တိုက်ပြိုကျမှုဖြစ်ပွားရသည့်အကြောင်းရင်းကို တိတိကျကျမသိရသေးကြောင်းနှင့် ရဲတပ်ဖွဲ့ကအမှုဖွင့်ကာ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ref: Xinhua

# ပါကစ္စတန်၌ရေကြီးမှုကြောင့် လူပေါင်း ၁ ဒသမ ၂ သန်း သဘာဝဘေးသင့်




**နာရိုဝယ်၊ သဘာဝဘေး**

ပါကစ္စတန်နိုင်ငံ၌ဖြစ်ပွားသောရေကြီးမှုများကြောင့် ပြည်သူ ၁ ဒသမ ၂ သန်းမှာ သဘာဝဘေးသင့်ရကြောင်းနှင့် လူပေါင်းနှစ်သိန်းခွဲနီးပါးမှာ ဘေးလွတ်ရာသို့ပြောင်းရွှေ့ရကြောင်း တာဝန်ရှိသူများက ဩဂုတ်လ ၂၈ ရက်တွင်ပြောသည်။

သဘာဝဘေးကို အဆိုးဝါးဆုံးခံစားရသည်မှာ ပန်ဂျပ်ပြည်နယ်ဖြစ်ကြောင်း၊ ရာဗီ၊ ဆုလက်နှင့် ချီနပ်မြစ်များအနီးရှိ ကျေးရွာပေါင်း ၁၄၃၂ ရွာသည် ရေကြီးမှုနှင့်ရင်ဆိုင်ရကြောင်း ပြန်နယ်ဝန်ကြီးမာရီယန်ဩရန်ဇက်ကပြောသည်။

ထို့ပြင် ရေကြီးမှုဖြစ်ပွားသည့်နေရာများတွင် ကယ်ဆယ်ရေးစခန်း ၇၀၀ နီးပါးနှင့် ဆေးပေးခန်း ၂၆၅ ခုတို့ကို ဖွင့်လှစ်ထားကြောင်းနှင့် အစားအသောက်နှင့်အခြားလိုအပ်သောပစ္စည်းများကိုလည်း ပေးပို့နေကြောင်း ၎င်းကဆက်ပြောသည်။ အဆိုပါသဘာဝဘေးများကြောင့် ပါကစ္စတန်နိုင်ငံ၌ သေဆုံးသူအယောက် ၈၀၀ ကျော်အထိရှိကြောင်းသိရသည်။

Ref: AGC

# ဂါဇာစစ်ပွဲကို လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် သတ်မှတ်ပေးရန် ကုလသမဂ္ဂဝန်ထမ်းများတောင်းဆို

**ဂျီနီဗာ၊ စစ်ရေး**

လက်ရှိဖြစ်ပွားနေသော ဂါဇာစစ်ပွဲကို လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် သတ်မှတ်ပေးရန် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ ကုလသမဂ္ဂဝန်ထမ်းရာပေါင်းများစွာက ၎င်းတို့၏မဟာမင်းကြီးထံ စာရေးသားတောင်းဆိုလိုက်ကြောင်းသိရသည်။

ဂါဇာဒေသ၌ အစ္စရေးနှင့်ဟားမက်တို့ကြားဖြစ်ပွားနေသောစစ်ပွဲသည် နှစ်နှစ်နီးပါးကြာမြင့်လာချိန်တွင် ပမာဏအားဖြင့်သော်လည်းကောင်း၊ နယ်မြေအကျယ်အားဖြင့်သော်လည်းကောင်း၊ လုပ်ဆောင်သည့်တိုက်ခိုက်မှုများအရသော်လည်းကောင်း လူမျိုးတုံးသတ်ဖြတ်မှုအဖြစ်သတ်မှတ်ရန် လုံလောက်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂဝန်ထမ်းများပေးပို့သောစာတွင်ဖော်ပြထားသည်။

ထို့ပြင် ၁၉၉၄ ခုနှစ်တွင် ရဝမ်ဒါ၌ဖြစ်ပွားသော လူမျိုးတုံးသတ်ဖြတ်မှုများကိုတားမြစ်ရန် ကုလသမဂ္ဂအနေဖြင့် ပျက်ကွက်ခဲ့သောကြောင့်လူပေါင်းတစ်သန်းကျော်သေဆုံးခဲ့ရကြောင်း အဆိုပါစာတွင် ရည်ညွှန်းထားသည်။

ယခုကဲ့သို့ ကုလသမဂ္ဂဝန်ထမ်းများ၏ တောင်းဆိုမှုနှင့်ပတ်သက်၍ အစ္စရေးအစိုးရဘက်က တုံ့ပြန်ပြောဆိုမှုများမလုပ်ထားသေးသော်လည်း ယခင်ကမူ အစ္စရေးနိုင်ငံသည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့်အနေဖြင့် စစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်သောကြောင့် လူမျိုးတုံးသတ်ဖြတ်မှုလုပ်ဆောင်ခြင်းမဟုတ်ကြောင်း ထုတ်ပြန်ထားသည်။

လက်ရှိဖြစ်ပွားနေသော ဂါဇာစစ်ပွဲတွင် သေဆုံးသူ ၆၃၀၀၀ နီးပါးရှိနေပြီဖြစ်သကဲ့သို့ ပြည်သူသိန်းပေါင်းများစွာသည်လည်း အငတ်ဘေးနှင့်ရင်ဆိုင်နေရကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနနှင့် တစ်ကမ္ဘာလုံးဆိုင်ရာငတ်မွတ်မှုစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

အစ္စရေးနှင့်ဟားမက်တို့ကြားစစ်ပွဲသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ဟားမက်တို့က အစ္စရေးပြည်သူများကို တိုက်ခိုက်ကာ ဓားစာခံဖမ်းခြင်းဖြင့်စတင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: ST

# MSME ဆိုတာ ဘာလဲ

ကိုချင်း

**MSME (Micro, Small and Medium Enterprises)**ကို မြန်မာလို ဆိုရမည်ဆိုပါက **"အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ"**ဟုဆိုနိုင်ပြီး လူအများနားလည်အောင် ယခုကဲ့သို့ ရှင်းပြနိုင်ပါသည်-

"**MSME** ဆိုသည်မှာ **ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း** လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေး စက်ရုံတွေအဆုံး အားလုံးကိုခြုံငုံခေါ်ဆိုခြင်းဖြစ်ပါသည်။" ဤလုပ်ငန်းများသည် **စီးပွားရေးအပြင် အလုပ်အကိုင်အခွင့်အလမ်းပေးခြင်း** အတွက်ပါ အလွန်အရေးကြီးပါသည်။

နိုင်ငံတိုင်းက MSME များကို အားပေးကြသော အဓိကအကြောင်းရင်းမှာ ယင်းလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ **"အဓိကကျောရိုး"** ဖြစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

**"နိုင်ငံတစ်နိုင်ငံမှာ ကားတွေ၊ အဆောက်အအုံကြီးတွေချည်းပဲရှိပြီး လမ်းဘေးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ ကားပြင်ဆိုင်မရှိဘူး၊ ဈေးသည်တွေမရှိဘူးဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။ လူတွေနေထိုင်လို့မဖြစ်နိုင်ဘူး မဟုတ်လား။ MSME တွေဟာ လူနေမှုဘဝရဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အောက်ပါအကြောင်းတွေကြောင့် အလွန်အရေးကြီးလို့ နိုင်ငံတိုင်းက မပါမဖြစ် အားပေးကြတာပါ။"**

အသေးစိတ်ရှင်းပြရမည်ဆိုပါက-

၁။ **အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း**

စက်ရုံကြီးတစ်ခုက အလုပ်သမား ၅၀၀ ပဲခန့်နိုင်မည်။ သို့သော်လည်း MSME ၅၀၀ မှ အလုပ်သမားထောင်နှင့်ချီ၍ ခန့်ထားနိုင်ပါသည်။ နိုင်ငံတကာစာရင်းများအရ MSME များသည် **အလုပ်အကိုင် ၇၀-၉၀%** ကို ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များသည် လူငယ်များ၊ ပညာတတ်များ၊ ကျေးလက်နေလူတန်းစားများအတွက် အလုပ်အကိုင်ရရှိရန် အဓိကလမ်းကြောင်းပင်ဖြစ်ပါသည်။

၂။ **စီးပွားရေးတည်ငြိမ်မှုရှိခြင်း**

နိုင်ငံခြားကုမ္ပဏီကြီးများက စီးပွားရေးမကောင်းလျှင် ထွက်သွားနိုင်သော်လည်း ဒေသခံ MSME များမှာမူ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဤနေရာမှာပဲ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ပြီး ၎င်းတို့သည် စီးပွားရေးအတွက် **"ချိတ်ဆက်တံတား"** ကဲ့သို့ပင်ဖြစ်နေသောကြောင့်ဖြစ်ပါသည်။

၃။ **ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာနိုင်ခြင်း**

လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးများတွင် စည်းကမ်းများပြီး ဆန်းသစ်မှုများ နှေးကွေးနေတတ်သော်လည်း MSME လုပ်ငန်းများမှာ ဈေးကွက်လိုအပ်ချက်ကိုမြန်မြန်သိပြီး ပြောင်းလဲနိုင်စွမ်းမြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်များကို ရဲရဲတင်းတင်းစမ်းသပ်နိုင်ကြပါသည်။ ဥပမာ - Google ၊ Apple တို့ကဲ့သို့ ကုမ္ပဏီကြီးများသည်လည်း MSME ကဲ့သို့ အသေးစားမှစတင်ခဲ့ခြင်းဖြစ်ပါသည်။

၄။ **ဝင်ငွေညီမျှမှုကို မြှင့်တင်ပေးခြင်း**

ဒေသထွက်ကုန်ကြမ်းများကို ဒေသခံများကသာ လုပ်ကိုင်ပြီး တန်ဖိုးမြှင့် ထုတ်လုပ်နိုင်သဖြင့် ငွေကြေးအင်အား အနည်းငယ်သာရှိသူများကိုပင် စီးပွားရေးစတင်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများပေးပါသည်။ ဤအရာသည် ဆင်းရဲမှုကိုလျှော့ချရာ၌ အထိရောက်ဆုံးနည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။

၅။ **နိုင်ငံခြားဝင်ငွေရရှိစေခြင်း**

MSME များသည် ပြည်တွင်းတွင်ထုတ်လုပ်သည့် လက်မှုပစ္စည်းလုပ်ငန်း၊ ခရီးသွားဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ ရေခဲမုန့်လုပ်ငန်း စသည့်အသေးစားလုပ်ငန်းများ၏ တင်ပို့ရောင်းချမှုမှတစ်ဆင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ပါသည်။

**အချုပ်ဆိုရသော်** MSME များသည် စီးပွားရေးကိုစတင်သည့်အင်ဂျင်များဖြစ်ပြီး ယင်းတို့သည် လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် အခြေခံအုတ်မြစ်ကို ချပေးပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် MSME များကိုငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများလျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာအထောက်အပံ့များပေးခြင်းတို့ကို ပံ့ပိုးကူညီပေးနေကြခြင်းဖြစ်ပါသည်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပစဉ်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံအတွက်မူ MSME ကိုဖွံ့ဖြိုးအောင် လုပ်ဆောင်သည့်နေရာတွင် အခြားနိုင်ငံများနှင့်မတူဘဲ စိုက်ပျိုးရေးနှင့်ဆက်စပ်သောလုပ်ငန်းများကို အဓိကထားစဉ်းစားဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် MSME များကို အောင်မြင်အောင်လုပ်ဆောင်ရာမှာ ကျွန်တော်တို့၏ **အားသာချက်ဖြစ်သော စိုက်ပျိုးရေးမှစတင်ရမည်ဖြစ်ပါသည်။ လယ်ယာထွက်ကုန်တွေကို မူလအတိုင်းရောင်းချခြင်းထက် ပြုပြင်ပြီး တန်ဖိုးမြှင့်(Value Added) ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေဆောင်ရွက်နိုင်ခြင်းသည်** အောင်မြင်မှု၏အဓိကသော့ချက်ပင်ဖြစ်ပါသည်။

**အသေးစိတ်လုပ်ဆောင်နိုင်သည့် နည်းလမ်းများမှာ-**

၁။ **စိုက်ပျိုးရေးဆိုင်ရာ MSME (Agri-based SMEs)**များကို **ဦးစားပေးဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း**ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ **ဥပမာ-** ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီ၊ သစ်သီးဝလံများကို **သီးနှံအခြောက်ခံခြင်း၊** ငါးပိ၊ ငါးခြောက်၊ သစ်သီးယိုများ၊ ရှမ်းခေါက်ဆွဲ၊ မြန်မာ့ဆန်မှုန့်နှင့်ပြုလုပ်သော မုန့်မျိုးစုံကို ကျန်းမာရေးနှင့်ညီညွတ်ပြီး ထုပ်ပိုးမှုသေသပ်လှပအောင် လုပ်ဆောင်ပြီး ပြည်တွင်း/ပြည်ပဈေးကွက်ကို တင်ပို့နိုင်သည့် **အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်ခြင်း၊** လယ်ယာစွန့်ပစ်ပစ္စည်းများ (ဖွဲ၊ ကောက်ရိုး၊ မြက် စသည်)ကိုအသုံးပြုပြီး အော်ဂဲနစ်မြေဩဇာလုပ်ငန်းကိုလုပ်ကိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည့် **ဇီဝမြေဩဇာလုပ်ငန်းများဆောင်ရွက်ခြင်း။**

၂။ **စိုက်ပျိုးရေးနောက်ဆက်တွဲ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့်** လယ်သမားများအတွက် တန်ဖိုးကြီးစက်ယန္တရားများ (စပါးစိုက်စက်၊ ရိတ်သိမ်းစက်)ကိုဝယ်ယူရန် မတတ်နိုင်သည့်အခါ နာရီ/ရက်အလိုက်ငှားရမ်းပေးသည့် **လယ်ယာသုံးပစ္စည်းငှားရမ်းခြင်းလုပ်ငန်း၊** ကျေးရွာမှထွက်ကုန်များကို ဈေးကွက်ရှိရာသို့ ချိတ်ဆက်ပို့ဆောင်ပေးသည့် **သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်** သီးနှံသိုလှောင်ရုံများဆောက်လုပ်ပြီး **သိုလှောင်ရေးလုပ်ငန်းများကို** ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ **ကျေးလက်ဒေသအခြေပြု ခရီးသွားလုပ်ငန်း**ဖြစ်သည့် ကျေးလက်သဘာဝအတွေ့အကြုံကို ခံစားလိုသော ခရီးသွားများအတွက် ကျေးရွာများတွင် အိမ်တွင်းမှီခိုနေထိုင်မှုစနစ်ဖြင့် ဝန်ဆောင်မှုပေးသော **ကျေးရွာခရီးသွားလုပ်ငန်း၊** လူအများကို လယ်ယာလုပ်ငန်းခွင်ထဲသို့ခေါ်ပြီး စပါးစိုက်ပျိုးမှုအားကြည့်ရှုခြင်း၊ သီးနှံခူးဆွတ်မှုအားခွင့်ပြုခြင်း စသည်ဖြင့် အတွေ့အကြုံရရှိနိုင်သော **စိုက်ပျိုးရေးအတွေ့အကြုံ ခရီးသွားအစီအစဉ်**များကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **ဒေသထွက်ပစ္စည်းများကိုအခြေခံသော လက်မှုလုပ်ငန်းများဖြစ်သည့်** ဒေသခံအမျိုးသမီးများဖြင့် ရက်လုပ်ပြီး ဒေသထုတ်အထည်များ(ဥပမာ- အင်းလေးထည်၊ ကရင်အင်္ကျီ) ရက်လုပ်ရောင်းချသော**ချည်ထည်နှင့်ရက်ကန်းလုပ်ငန်း၊** ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး ခေတ်မီဒီဇိုင်းများဖြင့် အိမ်သုံးပစ္စည်း၊ အလှဆင်ပစ္စည်းများထုတ်လုပ်သော **သစ်၊ ဝါး၊ ကြိမ်များဖြင့်ပြုလုပ်သည့် ဒေသထွက်ပစ္စည်းလုပ်ငန်း** စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**နိုင်ငံတိုင်းက** MSME **များကို အားပေးကြသောအဓိကအကြောင်းရင်းမှာ ယင်းလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ "အဓိကကျောရိုး" ဖြစ်နေသောကြောင့်ပင်ဖြစ် . . .**

MSME **များသည် စီးပွားရေးကိုစတင်သည့်အင်ဂျင်များဖြစ်ပြီး ယင်းတို့သည် လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် အခြေခံအုတ်မြစ်ကိုချပေး . . .**

**အောင်မြင်မှုအတွက် အဓိကသော့ချက်များအနေဖြင့်-**

၁။ ကျေးရွာတစ်ရွာလုံးစုပေါင်းပြီး ကုန်ထုတ်လုပ်မှုအသင်းဖွဲ့စည်းကာ **ပူးပေါင်းဆောင်ရွက်**လုပ်ကိုင်ခြင်းဖြင့် ဈေးကွက်တင်ပို့နိုင်စွမ်း ပိုမိုများပြားလာမည်ဖြစ်ခြင်း။

၂။ **ဒစ်ဂျစ်တယ်နည်းပညာ**အသုံးပြုပြီး မိမိထုတ်ကုန်များကို တိုက်ရိုက်ကြော်ငြာရောင်းချပြီး အွန်လိုင်းမှတစ်ဆင့် ပြည်တွင်း/ပြည်ပဈေးကွက် ရှာဖွေနိုင်ခြင်း။

၃။ ထုတ်ကုန်များ၏ **အရည်အသွေးမီခြင်း၊ ထုပ်ပိုးမှုသေသပ်လှပခြင်း**များဖြင့် ဈေးနှုန်းပိုမိုရရှိနိုင်ခြင်းတို့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် **မိမိတို့၏စိုက်ပျိုးရေးဆိုင်ရာအားသာချက်များကိုအခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်** MSME များကို ဦးစားပေးဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုပါက ကျေးလက်စီးပွားရေးကို ကြီးမားစွာတိုးတက်လာစေမည်မှာ မလွဲကေန်ဖြစ်ပါသည်။

**"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**ဆိုသည့်ဆောင်ပုဒ်သည် MSME ကဏ္ဍကိုဗဟိုပြုပြီး အလွန်ကောင်းမွန်သောလမ်းညွှန်မှုပေးခြင်းဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ အနှစ်သာရကို ထိထိမိမိဖော်ဆောင်နိုင်မည့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်နိုင်ပါသည်-

ရွှေသီးရန် **မြန်မာ့ရိုးရာစားဖွယ်တစ်ခုအဖြစ် ပြည်တွင်းထွက်ကုန်ကြမ်း (ဆန်/ထမင်း)ကို ပြုပြင်ပြောင်းလဲပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value-Added Product)**အဖြစ်ရောင်းချသည့် သာဓကတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ ဤသို့သော ပြုပြင်မှုလုပ်ငန်းစဉ်များကို MSME များကလုပ်ဆောင်နိုင်ပြီး နိုင်ငံအတွင်း ထုတ်လုပ်မှုကို အမှန်တကယ်အားပေးရာရောက်ပါသည်။

ဤဆောင်ပုဒ်နှင့်အညီ MSME များကိုအောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်-

၁။ **စားသောက်ကုန်ကဏ္ဍကို စံနမူနာထား တိုးချဲ့ခြင်း**

(က) **ဒေသအလိုက် ရိုးရာအစားအစာများကို စက်ဖြင့်တွဲဖက်လုပ်ကိုင်ခြင်း။** ရွှေသီးသကဲ့သို့ မြန်မာ့ရိုးရာမုန့်ပဲသရေစာများကို MSME များက လက်ရာမပျက် ကျန်းမာရေးနှင့်ညီညွတ်ကာ ထုပ်ပိုးမှုသေသပ်လှပစွာလုပ်ဆောင်နိုင်ပါသည်။ (ဥပမာ - မုန့်ဆန်း၊ ပဲပြား စသည်)

( ခ ) **ဒေသထွက်ပစ္စည်းများကို အခြေခံသော ထုတ်ကုန်များ။** ကျေးရွာတိုင်းလိုလိုတွင် ထူးခြားသောသီးနှံများရှိတတ်ပါသည်။ ယင်းထွက်ကုန်တွေကို ရွှေသီးလိုပြုပြင်ပြီး ဒေသတွင်းထုတ်ကုန်အဖြစ် သတ်မှတ်ကာ ရောင်းချနိုင်ပါသည်။ (ဥပမာ - တောင်ကြီးမှ ကြံသကာနှင့် ရေးမြို့မှ ဒူးရင်း)

**စာမျက်နှာ ၂၅ သို့ ➲**

# ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးမဝင်သော မိုးစပါးစိုက်တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျိုးမဝင်သော မိုးစပါးစိုက်တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့်သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းပြည့်မီရေးဆောင်ရွက်ပေးနေမှု၊ Drum Seeder နှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ခဲ့မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများသုံးစွဲနိုင်မှ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှသာ တောင်သူများ၏ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စီးပွားရေးအဆင်ပြေမှသာ နိုင်ငံ့စီးပွားရေး အဆင်ပြေတိုးတက်လာမည်ဖြစ်သောကြောင့် ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများထောက်ပံ့ရာတွင် ဈေးနှုန်းအနေဖြင့် ရန်ကုန်အထိုင်ပြင်ပပေါက်ဈေး ယူရီးယားတစ်အိတ်လျှင်ငွေကျပ် ၁၀၂၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းသည် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၈၉၅၀၀ ဖြစ်ကြောင်း၊ ရန်ကုန်အထိုင်ပြင်ပပေါက်ဈေး ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းသည် ရန်ကုန်အထိုင်ဈေးငွေကျပ် ၁၂၀၀၀၀ ဖြစ်ကြောင်း၊ သယ်ယူစရိတ်နှင့် နိုင်ငံတော်သို့ပေးသွင်းရမည့် နှစ်ရာခိုင်နှုန်းအတိုးပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက ယူရီးယားနှင့် ကွန်ပေါင်းတစ်အိတ်လျှင် တောင်သူများ



လက်ဝယ်အရောက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိသက်သာမည်ဖြစ်ကြောင်း၊ သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကျေပြန်ဆပ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယား၊ ကွန်ပေါင်းသွင်းအားစုဓာတ်မြေဩဇာများထောက်ပံ့ပေးအပ်ကြပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနတို့၏ ယာယီရုံးများဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် မြင်ကုန်းကျေးရွာဓမ္မာရုံ၌ကျင်းပသည့် မြင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းသားတောင်သူများ၏ မိုးကြို့ဝါခူးဆွတ်နေမှုနှင့် မြစ်သားမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၁၅၃၇ အိမ်၊ လူဦးရေ ၆၈၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် အမှတ်(၄) ခရိုင်ပတ်လမ်း မြင်းခြံကုန်း-ခံတက္ကုန်း-နှမ်းခင်း-ရွှေစေတီ ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

---

➲ စာမျက်နှာ ၂၄ မှအဆက်

၂။ **"ကုန်ထုတ်လုပ်မှုကိုအားပေးစို့" ဆိုသော ဦးတည်ချက်နှင့် လမ်းကြောင်းသတ်မှတ်ခြင်း**

(က) **ပြည်ပမှီခိုမှုလျှော့ချခြင်း။** နေ့စဉ်လူသုံးကုန်များ(ဆပ်ပြာ၊ အချိုရည်၊ မုန့်ပဲသရေစာ)ကို ပြည်တွင်း၌ထုတ်လုပ်နိုင်အောင် MSME များကို အားပေးရမည်ဖြစ်ပါသည်။ ရွှေသီးကို ပြည်ပက ဝယ်စရာမလိုဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်သကဲ့သို့ဖြစ်ပါသည်။

(ခ) **သွင်းကုန်အစား ပြည်တွင်းထုတ်ကုန်ကို ဦးစားပေးရွေးချယ်စေရန် စည်းရုံးခြင်း (Import Substitution)။ "ရွှေသီးကဲ့သို့ မြန်မာ့ထုတ်ကုန်များကို ဝယ်ယူသုံးစွဲကြပါစို့"** ဆိုသော စည်းရုံးမှုကို လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးနိုင်ပါသည်။

၃။ **"နိုင်ငံတော် ရွှေသီးဖို့"ဆိုသည့် ရည်မှန်းချက်အတွက် လမ်းခင်းပေးခြင်း**

(က) **ကျေးရွာအဆင့် စက်မှုဇုန်ငယ်များ ထူထောင်ခြင်း။** ကျေးရွာများတွင် လယ်ယာထွက်ကုန်များကို အခြောက်ခံသည့်စက်၊ ကြိတ်ခွဲသည့်စက် စသည်တို့ကို ကျေးရွာသားများအားလုံး အသုံးပြုနိုင်သော "စိုက်ပျိုးရေးဆိုင်ရာ စက်မှုဝန်ဆောင်မှုစင်တာ"များ တည်ထောင်ပေးရမည်ဖြစ်ပါသည်။

(ခ) **ဒစ်ဂျစ်တယ်နည်းပညာနှင့် ချိတ်ဆက်ပေးခြင်း။** ကျေးရွာထွက်ကုန်များကို အွန်လိုင်းမှတစ်ဆင့် တင်ရောင်းနိုင်အောင် ကျေးလက်ဒေသအထိ အင်တာနက်ရောက်ရှိအောင် လုပ်ဆောင်ပြီး ရွှေသီးကို ကျေးလက်ကထုတ်လုပ်ပြီး ရန်ကုန်က အမှာစာတင်နိုင်ပြီဆိုပါက ဤအရာသည် "ရွှေသီး" မည့်အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

၄။ **အစိုးရ/ အဖွဲ့အစည်းများဘက်က လုပ်ဆောင်ရမည့်အချက်များ**

(က) **ငွေကြေးဆိုင်ရာ အထောက်အပံ့။** MSME များအတွက် အတိုးနှုန်းချိုသာသော ချေးငွေများထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ ရွှေသီးထုတ်စက်ကဲ့သို့ စက်ပစ္စည်းများဝယ်ယူရန် ငွေကြေးပံ့ပိုးကူညီပေးခြင်းဖြင့် ထုတ်လုပ်မှုကို အားပေးရာရောက်ပါသည်။

(ခ) **အတားအဆီးဖြေရှင်းပေးခြင်း။** ကျေးရွာထွက်ကုန်များ မြို့ပြဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး၊ ခွင့်ပြုချက်ယူရသော စီးပွားရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူအောင် လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဆိုသည့်ဆောင်ပုဒ်သည် MSME ကဏ္ဍကိုဗဟိုပြုပြီး အလွန်ကောင်းမွန်သောလမ်းညွှန်မှုပေးခြင်းဖြစ် . . .**

လယ်ယာကဏ္ဍတွင် ခေတ်ပညာတတ် လူငယ်များနှင့် တောင်သူများကိုပေါင်းစည်းပြီး MSME များ ဖြစ်ထွန်းလာစေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးအနာဂတ်အတွက် သော့ချက်ပင်ဖြစ်ပါသည်။

"ခေတ်ပညာတတ်လူငယ်များတွင် **ဈေးကွက်ဗျူဟာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ရှိပါသည်။** တောင်သူလယ်သမားများတွင် **မြေယာနှင့်ပတ်သက်သည့်အတွေ့အကြုံ၊ လုပ်ငန်းသဘောသဘာဝ**အပေါ် နားလည်တတ်ကျွမ်းမှုရှိပါသည်။ **ထို**အရည်အချင်းနှစ်မျိုးကို **"တပေါင်းတစည်းတည်း"** ဖြစ်အောင် ပေါင်းစပ်နိုင်မည်ဆိုပါက အင်အားအလွန်ပင်ကြီးလာမည်ဖြစ်ပါသည်။ ဤသို့ပေါင်းစည်းနိုင်ရန် လူငယ်များဘက်ကလည်း စိတ်ဝင်စားလာအောင်၊ တောင်သူများဘက်ကလည်း ယုံကြည်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။"

ဤသို့ စည်းရုံးဆောင်ရွက်ရာမှာ လက်တွေ့ကျသော နည်းဗျူဟာများအနေဖြင့် -

၁။ **စိတ်ဓာတ်မြင့်ကွင်းပြောင်းပေးခြင်း**

(က) **လူငယ်များကို** "စိုက်ပျိုးရေးဆိုသည်မှာ ညစ်ပတ်ပြီး ပင်ပန်းသည့် အလုပ်မဟုတ်ဘဲ ယခုခေတ်တွင် Agripreneur (စိုက်ပျိုးရေးဆန်းသစ်တီထွင်လုပ်ငန်းရှင်)များ ဖြစ်လာနိုင်ကြောင်း၊ အင်တာနက်မှတစ်ဆင့် ကုန်စည်ရောင်းဝယ်နိုင်ခြင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်နှင့်ထုပ်ပိုးပြီး ပြည်ပတင်ပို့နိုင်ခြင်း စသည်ဖြင့် ခေတ်မီသော စီးပွားရေးလုပ်ငန်းခွင်ဖြစ်ကြောင်း သတင်းစကားများကို ပေးရမည်ဖြစ်ပါသည်။

(ခ) **တောင်သူများအား** ပညာတတ်လူငယ် သမီး/သားများက ထွက်ကုန်ကို ဈေးပိုမိုရရှိနိုင်အောင်၊ ပြည်ပသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သော **"ဒစ်ဂျစ်တယ်လက်နက်"**များရှိကြောင်း ရှင်းပြပေးရမည်ဖြစ်ပါသည်။

၂။ **လက်တွေ့ကျသော စမ်းသပ်စရာနမူနာများ ဖန်တီးပြခြင်း**

(က) **အောင်မြင်မှုဖြစ်စဉ်များကို မျှဝေခြင်း။** ဥပမာအားဖြင့် ကျေးရွာတစ်ရွာမှ လူငယ်နှင့်တောင်သူများ စုပေါင်းထုတ်လုပ်ဆောင်ရွက်သည့် ခရမ်းချဉ်သီးခြောက်လုပ်ငန်း အောင်မြင်လာသည့်အကြောင်း၊ အွန်လိုင်းမှတစ်ဆင့်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးလာခြင်းအကြောင်း စသည့်အောင်မြင်မှုပုံရိပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ပါသည်။

(ခ) **စမ်းသပ်ခြံစိုက်ခင်းဖွင့်လှစ်ပေးခြင်း။** ကျေးရွာများတွင် နည်းပညာသုံးပြီး စိုက်ပျိုးမည့် စမ်းသပ်ခြံကြီးတစ်ခုပြုလုပ်ကာ လူငယ်များက နည်းပညာပိုင်းကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ တောင်သူများက စိုက်ပျိုးရေး အတွေ့အကြုံပေးခြင်းဖြင့်လည်းကောင်း အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုးဆောင်ရွက်နိုင်ပါသည်။

၃။ **ငွေကြေးနှင့်နည်းပညာအထောက်အပံ့ပေးခြင်း**

(က) **အစပျိုးရန်ပုံငွေ။** အစိုးရ(သို့မဟုတ်) အလှူရှင်အဖွဲ့အစည်းများမှ လူငယ်-တောင်သူအတွဲများကို ချေးငွေ(သို့မဟုတ်) ရန်ပုံငွေအသေးစားထုတ်ပေးခြင်းမျိုးဆောင်ရွက်ရပါမည်။ (ဥပမာ- သီးနှံအခြောက်ခံစက်တစ်လုံးဝယ်ရန် ငွေကြေးကူညီပေးခြင်း)

(ခ) **နည်းပညာနှင့် လေ့ကျင့်သင်ကြားမှုပေးအပ်ခြင်း။** ကျေးရွာများတွင် အင်တာနက်အခြေပြုဈေးကွက်ရှာဖွေနည်း၊ ငွေကြေးစီမံခန့်ခွဲနည်း၊ ကောင်းမွန်သောစိုက်ပျိုးနည်းစနစ် (Good Agri-cultural Practices - GAP) စသည်ဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါသည်။

၄။ **အသိုင်းအဝိုင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း**

(က) **လူငယ်နှင့် တောင်သူချိတ်ဆက်ပွဲများ ပြုလုပ်ပေးခြင်း။** ကျေးရွာခန်းမများတွင် ဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းများ၊ တောင်သူကြီးများ၏ လုပ်ငန်းလိုအပ်ချက်နှင့် အခက်အခဲများအား ပြောဆိုဆွေးနွေးခွင့်ရရှိအောင် ချိတ်ဆက်ပေးနိုင်ပါသည်။

(ခ) **အောင်မြင်မှုဖြစ်စဉ်ကို "ပြန့်ပွားအောင်" လုပ်ဆောင်ပေးခြင်း။** ကျေးရွာတစ်ရွာမှ အောင်မြင်သွားသည့် လူငယ်နှင့်တောင်သူအတွဲကို နီးစပ်ရာကျေးရွာများသို့ သွားရောက်ဟောပြောစေပြီး ၎င်းတို့၏အတွေ့အကြုံများကို မျှဝေစေခြင်းဖြင့် ရွာသူ ရွာသားများ ပိုမိုနားဝင်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။

**အဓိကသော့ချက်အနေဖြင့်** လူငယ်များကို **"သူတို့မပါရင်မဖြစ်ဘူး"** ဆိုသည့် စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ တောင်သူများကို **"ဤနည်းပညာအသစ်တွေက သူတို့အတွက် လက်တွေ့အသုံးဝင်တယ်"**ဆိုသော ယုံကြည်မှုမျိုးကို တည်ဆောက်ပေးနိုင်မှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိရှိပူးပေါင်းပြီး ကျေးရွာစီးပွားရေးများကို အတူတကွတည်ဆောက်နိုင်ကြမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၃၆-၃၀၃၃၃၊ ၀၁၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ချန်ယူအင်မှိုင်(ခ)ဒေါ်သန်းဝင်း(၁၂/လမတ(ဧည့်)၀၀၀၀၄၇)ပိုင်ဆိုင်သော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၇၇၀၈၆၃၂၀)၏ အစုရှယ်ယာ (၁,၅၀၇,၉၀၆)အစုကို မြေးများဖြစ်ကြသည့် ဦးဘုန်းမြတ်စံ(၁၂/စခန(နိုင်)၀၇၈၇၅၉)၊ ဦးဟိဏ်းထက်စံ(၁၂/စခန(နိုင်)၀၈၂၀၃၇)နှင့် ဦးအောင်ပြည့်စံ(၁၂/စခန(နိုင်)၀၈၆၃၅၅)နှင့် ချွေးမဖြစ်သူ ဒေါ်ကလျာအေး(၁၂/ဒဂန(နိုင်)၀၀၂၂၃၈)တို့အား အဖိုးစားနားရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက မည်သူမဆိုခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအားမဆန့်ကျင်စေဘဲ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အစုရှယ်ယာ(၁,၅၀၇,၉၀၆)အား မေတ္တာဖြင့် အပိုင်ပေးကမ်းသည့်အကြောင်းအရာနှင့်စပ်လျဉ်း၍ (၂၇-၈-၂၀၂၅)ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၃၀)ကြော်ငြာတွင် ဦးလိမ္မော်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)၏ "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း" ကြော်ငြာအား ဤကြေညာချက်ဖြင့်ဖျက်သိမ်းပြီး ဤကြေညာချက်ကသာ လွှမ်းမိုးမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလိမ္မော်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)
အမှတ် ၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၀၆၃၀၇၀၄

## "ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်"

**(GLOBAL CAPITAL COMPANY LIMITED)**

**(အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏**

**(နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း)**

အထက်ပါကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ပါ၍ အစုရှင်များသို့တင်ပြရှင်းလင်းပြီး အတည်ပြုချက်ရယူရန် အစုရှင်များအားလုံး၏နောက်ဆုံးအထွေထွေအစည်းအဝေးကို အမှတ်(၁၆၂/၁)၊ အခန်း(၈)၊ ပထမသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၂၉)ရက်နေ့ နံနက် (၁၀:၀၀)နာရီအချိန်တွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီ၏အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဦး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

### အမည်မှန်
ဦးကျော်နိုင် ၁၁/ဘသတ(နိုင်)၀၂၁၉၀၁ ၏သား အင်ဘု အ.ထ.က(ခွဲ) Grade-2 မှ မောင်ဈာန်ဘုန်းလင်း၏အမည်မှန်မှာ မောင်ဈာန်ထက်လင်းဖြစ်ပါကြောင်း။
**မောင်ဈာန်ထက်လင်း**

### ပျောက်ဆုံးကြောင်း
မောင်လီချုံးကျင်း(ဘ)ဦးလီဆုံရှုး ၁၃/တကန(နိုင်)၀၀၃၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၅၂၂၅၂၅

### အမည်မှန်
ကျိုင်းတုံမြို့၊ ပန်ကြူကျေးရွာအုပ်စု၊ နမ်းကျန်းကျေးရွာနေ အထက(၄) Grade-12(C) တွင် ပညာသင်ကြားနေသော အဘ ဦးယောဟန်၏သားအမည်မှန်မှာ မောင်လွန်းမ ဖြစ်ပါကြောင်း။
**မောင်လွန်းမ**

### ပျောက်ဆုံးကြောင်း
ဦးနန်းလွင်(ဘ)ဦးချစ်မောင် ၁၂/ဗဟန(နိုင်)၀၅၂၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
တင်မင်းနိုင်(ဘ)ဦးမင်းမော် ၁/ဝမန(နိုင်)၀၇၆၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 468173)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်မှ အဘ ဦးကျော်မြ၏သား မောင်စိန်မြင့်(ခ)စိန်မြင့်ဝင်း ၁၁/စတန(နိုင်)၀၀၈၄၄၄ မှာ အမည်(၂)မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်စိန်မြင့်(ခ)စိန်မြင့်ဝင်း**

### မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့၊ ပန်ကြူကျေးရွာအုပ်စု၊ နမ်းကျန်းကျေးရွာနေ အထက(၄) Grade-12(C)မှ အဘ ဦးယောဟန်၏သား မောင်လွန်းမ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။
၅-၁၁-၂၀၀၆

### ပျောက်ဆုံးကြောင်း
မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်နေ မသီသီဇော်(ဘ)ဦးခင်ဇော်ဝင်း ၉/မခန(နိုင်)၂၁၆၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ဝင်းနိုင်(ဘ)ဦးစိန်ဝင်း ၁၀/ပမန(နိုင်)၁၈၅၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၃၇၂၃၆၃

### ပျောက်ဆုံးကြောင်း
စန်းစန်းရီ(ဘ)ဦးလှမောင် ၁၂/ဗဟန(နိုင်)၀၅၀၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မောင်ဆွတ်ဂျပ်အောင်(ဘ)ဦးဂမ်မော် ၁၃/တမည(နိုင်)၀၁၂၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၆၇၇၂၈၄၉

### ပျောက်ဆုံးကြောင်း
ဝေယံဖြိုး(ဘ)ဦးသိန်းဟန် ၁၄/မအပ(နိုင်)၁၇၆၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 954543)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၇၆၀၆၅

### အမည်ပြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) ရွာတော် Grade-12 မှ ပညာသင်ကြားနေသော အဘ ဦးတင်အေး ၉/ပမန(နိုင်)၁၁၁၄၀၃ ၏သမီး မသက်မွန်ထွေးအား မစုမြတ်ကလျာထွေး ၉/ဥတသ(နိုင်)၀၂၅၂၅၇ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မစုမြတ်ကလျာထွေး**

### ပျောက်ဆုံးကြောင်း
ဂျွန်မီကို(ဘ)ဦးထွန်းဇော် ၁၂/မရက(နိုင်)၀၆၂၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇွန်ရှိုင်း(ဘ)ဦးမောင်မောင် ၁၂/မရက(နိုင်)၁၉၇၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နဒီထွန်း(ဘ)ဦးဇော်မျိုးလတ် ၁၂/ဒဂရ(နိုင်)၀၄၇၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကရင်ပြည်နယ်၊ ကျုံဒိုးမြို့နယ်နေ ၁/ခဖန(နိုင်)၁၀၁၄၉၆ ကိုင်ဆောင်သူ ဦးဝင်းလှိုင်၏သမီး ၁၃/တကန(နိုင်)၃၉၀၄၈၀ ကိုင်ဆောင်သူ မသွန်းသီရိလှိုင်(ခ)မအိမ့်သီရိလှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မသွန်းသီရိလှိုင်(ခ)မအိမ့်သီရိလှိုင်**

### ပျောက်ဆုံးကြောင်း
နှင်းဦးဝေ(ဘ)ဦးဆန်းလင်းသီ ၁၂/ကမရ(နိုင်)၀၆၉၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 630215)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၁၈၂၄၄

### ပျောက်ဆုံးကြောင်း
အောင်ဗိုလ်မြင့်(ဘ)ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၁၇၁၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၇၉၆၂၃၆

### ပျောက်ဆုံးကြောင်း
ဟန်ထွန်းထွန်း(ဘ)ဦးပြည်စိုး ၁၂/ဒဂရ(နိုင်)၀၀၈၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၂၀၉၅၉၁

### ပျောက်ဆုံးကြောင်း
အိအိဖြိုး(ဘ)ဦးရန်မြင့်လှိူ ၁/ဗမန(နိုင်)၀၆၂၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၅၅၅၂၈၈

### ပျောက်ဆုံးကြောင်း
ခင်မာရီ(ဘ)ဦးဆိတ်မောင်ကြီး ၁၁/မအန(နိုင်)၀၂၀၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၂၂၃၅၄၈

### ပျောက်ဆုံးကြောင်း
နန္ဒာစိုး(ဘ)ဦးစိုးမြင့်အောင် ၁၀/သဖရ(နိုင်)၁၃၂၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 131483)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ (၁၄)လမ်းနေ အဘ ဦးသန်းထွန်း၏သမီး ၁၂/မဂဒ(နိုင်)၀၇၇၃၁၈ ကိုင်ဆောင်သူ ဒေါ်အေး(ခ)ဒေါ်အေးအေးပြုံးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်အေး(ခ)ဒေါ်အေးအေးပြုံး**

### မိဘအမည်မှန်
လယ်ဝေးမြို့၊ အ.လ.က(အင်ပု) Grade-7(A) မှ မခတ္တာကိုကို၏မိဘအမည်မှန်မှာ ဦးကိုကိုအောင် ၉/လဝန(နိုင်)၂၀၀၀၉၉ နှင့် ဒေါ်စာဥ ၉/လဝန(နိုင်)၂၂၆၁၄၈ ဖြစ်ပါကြောင်း။
**ဦးကိုကိုအောင်-ဒေါ်စာဥ**

### မိဘအမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မင်းပြင် Grade-12 တွင် ပညာသင်ကြားနေသော မမာလာဦး ကျောင်းဝင်အမှတ်(ခ/၆၇၀)၏ မိဘအမည်မှန်မှာ ဦးမြင့်ထွန်း ၉/လဝန(နိုင်)၁၇၂၀၇၇ နှင့် ဒေါ်သန်းသန်းမြင့် ၈/မတရ(နိုင်)၀၃၆၃၀၆ဖြစ်ပါကြောင်း။
**ဦးမြင့်ထွန်း-ဒေါ်သန်းသန်းမြင့်**

### မွေးသက္ကရာဇ်အမှန်
တောင်ငူမြို့၊ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း) Grade-12 မှ ပညာသင်ကြားနေသော ဦးဇော်မင်းနွယ် ၅/ဖပန(နိုင်)၀၀၀၁၃၂ ၏သား မောင်ထက်မြက်မောက်(ခ)မောင်ထက်ထူးလွင်၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၀-၂၀၀၈ ဖြစ်ပါကြောင်း။
၂၅-၁၀-၂၀၀၈

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | 12(T)20/MR(ML/ISN) Kyat | စက်ခေါင်းအရန်ပစ္စည်း(၇၁)မျိုးဝယ်ယူရန် |
| ၂ | 12(T)21/MR(ML/ISN) Kyat | စက်ပစ္စည်း(၁၉)မျိုးဝယ်ယူရန် |
| ၃ | 12(T)22/MR(ML/ISN) Kyat | DEMU ပြုပြင်ရေးအလုပ်ရုံသုံးစက်ပစ္စည်း(၁၉)မျိုးဝယ်ယူရန် |
| ၄ | ၂၄၇/မမ/CME/MIT | ကုန်တွဲများအကြီးတန်းပြုပြင်ခြင်းလုပ်ငန်းအတွက်လိုအပ်သောပစ္စည်း(၈)မျိုးဝယ်ယူရန် |
| ၅ | ၂၄၈/မမ/CME/MIT | Air Con: ပါ အထက်တန်းလူစီးတွဲ(လေအိတ်ဘိုဂီ)(၃)တွဲနှင့် Air Con: မပါ ရိုးရိုးတန်းလူစီးတွဲ(လေအိတ်ဘိုဂီ)(၂)တွဲ အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်း(၄၁၈)မျိုးဝယ်ယူရန် |
| ၆ | ၂၄၉/မမ/CME/MIT | လူစီးတွဲများ အကြီးတန်းပြုပြင်ခြင်းလုပ်ငန်းအတွက်လိုအပ်သောပစ္စည်း(၆၃)မျိုးဝယ်ယူရန် |
| ၇ | ၂၅၀/မမ/CMO | ဆေးရုံသုံးစက်ကိရိယာတန်ဆာပလာပစ္စည်း(၁၉)မျိုးဝယ်ယူရန် |
| ၈ | ၂၅၁/မမ/CE | **တိုင်းအမှတ်(၇)ရန်ကုန်** မလွကုန်းဘူတာယာဒ်ဝန်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်(တိုက်အမှတ်-၆) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာ အပါအဝင်)(15755 Sft)[Pile(12"x 12")(၁၃၆)လုံး၊ ဂါလန်(၅၀၀၀) Ground Tank, 50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါ](နှစ်ဆက်လုပ်ငန်း) |
| ၉ | ၂၅၂/မမ/CE | **တိုင်းအမှတ်(၃)မန္တလေး** မြို့ဟောင်း DEMU Depot & Workshop တည်ဆောက်ပြုပြင်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၂-၉-၂၀၂၅)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉-၈-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း





နေပြည်တော်   ဩဂုတ်   ၂၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၅) စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ကျင်းပခြင်းအားဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုဖြစ်စေသည့် အဂတိလိုက်စားမှုမြောက်နိုင်သည့်ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို မိမိတို့နိုင်ငံ့ဝန်ထမ်းများ ပိုမိုသိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သောအကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်ကြမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက အဂတိလိုက်စားမှုသည် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် ဆက်စပ်လျက်ရှိသည့်အတွက် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏အမွေအနှစ်၊ အရင်းအမြစ်များ၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေများနစ်နာဆုံးရှုံးပြီး အခြေခံလူတန်းစားများ၏ ရပိုင်ခွင့်ကို ထိခိုက်နစ်နာစေနိုင်ကာ ဆင်းရဲမှုသံသရာကို ဖြစ်ပေါ်စေကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရာတွင် အဓိကကျသူများဖြစ်၍ နိုင်ငံတော်အပေါ် သစ္စာရှိစွာ အဂတိကင်းစွာ တာဝန်ထမ်းဆောင်ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit –CPU) ခေါင်းဆောင် ဒုတိယဝန်ကြီးဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

---

❒ **ကျောဖုံးမှအဆက်**

၈ ဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ISPE အသင်းသည် ပွဲကစားချိန် ၃ မိနစ်တွင် နှင်းပွင့်အေး၏ အဝေးကန်ချက်ကနေ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲကစားချိန် ၇ မိနစ်တွင် စန်းသော်သော်၏ပေးပို့မှုကနေ တိုက်စစ်မှူး မေထက်လူက ဒုတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။

ISPE အသင်းသည်ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ပြိုင်ပွဲကိုယှဉ်ပြိုင်ခဲ့ရာ ပွဲကစားချိန် ၃၃ မိနစ်တွင် ရွှေရည်ထွန်းက တတိယဂိုးအားလည်းကောင်း၊ ပွဲကစားချိန် ၃၈ မိနစ်တွင် ပြိုင်ဘက်ဂိုးဧရိယာအတွင်း ရွှေရည်ထွန်း၏ကန်ပို့မှုကို လင်းမြင့်မိုရ်ကခေါင်းတိုက်သွင်းကာ စတုတ္ထဂိုးအဖြစ်လည်းကောင်း ပထမပိုင်းတွင် အသီးသီးသွင်းယူခဲ့ကြသည်။

ဒုတိယပိုင်းတွင် ISPE အသင်းက ကစားသမားငါးဦးအပြောင်းအလဲလုပ်ကာ တိုက်စစ်ထပ်မြှင့်လာခဲ့သည်။ ပွဲကစားချိန် ၄၈ မိနစ်တွင် ISPE အသင်းတိုက်စစ်မှူး စန္ဒာလင်းအား ဂိုးဧရိယာအတွင်း၌ မွန်ဂိုလီးယားကလပ် Khovd Western အသင်းနောက်ခံလူဟာန့်တားပုံကြမ်းခဲ့သည့်အတွက်ပယ်နယ်တီကန်ခွင့်ပေးလိုက်ရသည်၊ ယင်းပယ်နယ်တီကို စန်းသော်သော်က အမှားအယွင်းမရှိဘဲ ပဉ္စမမြောက်ဂိုးအဖြစ် သွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန် မိနစ် ၅၀ တွင် မိုးမမစိုးပေးပို့မှုကနေ စန္ဒာလင်းက ဆဋ္ဌမဂိုးကိုထပ်မံသွင်းယူခဲ့သည်။ ပွဲကစားချိန် ၆၄ မိနစ်တွင် စန်းသော်သော် တင်ပို့သည့်ဘောလုံးခံစစ်လက်နဲ့ထိ၍ပယ်နယ်တီပေးခဲ့ရပြန်သည်။ ယင်းပယ်နယ်တီကို ဖြူဖြူဝင်းက တည်ငြိမ်စွာပင် သတ္တမမြောက်ဂိုးအဖြစ်သွင်းယူခဲ့သည်။ ပွဲကစားချိန် ၆၇ မိနစ်တွင် ယဉ်လွန်းအိမ်၏ပေးပို့မှုကို လင်းမြင့်မိုရ်က အဋ္ဌမမြောက်ဂိုးအဖြစ်သွင်းယူကာ ပြိုင်ပွဲအပြီးတွင် ISPE အသင်းက ၈ ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲတွင် အသင်းခြောက်သင်းသည် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ပြီး အာရှနိုင်ငံ ၁၉ သင်းအား အုပ်စုငါးစုခွဲ ယှဉ်ပြိုင်စေကာ ယင်းအုပ်စုတစ်စုတွင် ထိပ်ဆုံးအသင်းတစ်သင်းသာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ထို့အတူ ၎င်းအုပ်စုငါးခုအနက်မှ အကောင်းဆုံးဒုတိယအသင်းသည်လည်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**




**ပျောက်ဆုံးကြောင်း**
မြတ်သူအောင်(ဘ)ဦးတင်မောင်လှ ၁၂/မဂတ(နိုင်)၁၁၇၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 267243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၃၇၆၀၆၅

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်အောင်(ဘ)ဦးပိုက် ၈/မတန(နိုင်)၀၇၅၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 834495)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၆၁၂၀၅၅

**ပျောက်ဆုံးကြောင်း**
အေးမြငြိမ်း(ဘ)ဦးသန်းစိန် ၅/မရန(နိုင်)၃၀၄၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၈၃၈၂၀၇

**ပျောက်ဆုံးကြောင်း**
ဟေမာစိုး(ဘ)ဦးစိုးသိန်း ၉/တသန(နိုင်)၁၉၇၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၂၄၇၂၁၇

**ပျောက်ဆုံးကြောင်း**
လင်းဇော်ဦး(ဘ)ဦးရဲမြင့် ၇/ရတန(နိုင်)၀၇၆၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၆၀၈၇၅၇

**ပျောက်ဆုံးကြောင်း**
ပန်းအောင်(ဘ)ဦးချစ်တင် ၁၂/ဗဟန(နိုင်)၀၃၃၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၄၄၁၉

**ပျောက်ဆုံးကြောင်း**
ဝင်းဝင်းငြိမ်း(ဘ)ဦးမောင်ကို ၉/တသန(နိုင်)၂၁၂၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၆၉၈၇၄၄၈

**ပျောက်ဆုံးကြောင်း**
ပွင့်ဝေလှိုင်(ဘ)ဦးမြင့်ဆွေ ၁၂/လမန(နိုင်)၁၃၄၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၉၇၇၆၄၉

**ပျောက်ဆုံးကြောင်း**
ဆွေဆွေနိုင်(ဘ)ဦးစိုးလှိုင် ၁၁/ကဖန(နိုင်)၁၂၀၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၇၇၀၆၁၀

**ပျောက်ဆုံးကြောင်း**
နိုင်ဝင်း(ဘ)ဦးလှတင် ၁၄/မအန(နိုင်)၁၃၅၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၉၂၂၈၈၄

**ပျောက်ဆုံးကြောင်း**
မြို့ပတ်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်နေ လီလီဆောင်း(ဘ)ဦးကျော်သိန်း ၁၂/အစန(နိုင်)၂၇၉၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၅၂၆၂၃

**ပျောက်ဆုံးကြောင်း**
ကော့မှူးမြို့၊ ညောင်ကုန်းကျေးရွာနေ မသီတာဆန်း(ဘ)ဦးဇော်အောင် ၁၂/ကမန(နိုင်)၁၃၈၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 334998)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချိုသဲအောင်(ဘ)ဦးစိုးလွင် ၁၄/ဟကက(နိုင်)၀၂၃၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၅၂၃၆၅၉၁

**ပျောက်ဆုံးကြောင်း**
စိုးမင်း(ဘ)ဦးကျင်တိုး ၁၄/မအန(နိုင်)၁၅၀၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၅၆၉၃၅၃

**ပျောက်ဆုံးကြောင်း**
ဇင်ဘိုဦး(ဘ)ဦးမြင့်ဝင်း(ခ)မြင့်နိုင် ၁၄/သပန(နိုင်)၁၅၅၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 192079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဆန်းလင်းအောင်(ဘ)ဦးစိုးဝင်း ၇/ဒဥန(နိုင်)၁၇၄၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်နေ အောင်နိုင်ဝင်း(ဘ)ဦးတင်ထွန်းဝင်း ၇/ထတပ(နိုင်)၀၉၀၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 382089)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၈၂၁၆၄၀

**ပျောက်ဆုံးကြောင်း**
ကြည့်မြင်တိုင်မြို့နယ်၊ အလက်ချောင်းရပ်ကွက်၊ ဗန္ဓုလလမ်းနေ အေးမင်းထွန်း(ဘ)ဦးအောင်ထွန်း ၁၂/ကမတ(နိုင်)၀၉၀၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 975671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၄၀၀၂၅၈၀၉

**ပျောက်ဆုံးကြောင်း**
တောင်ငူမြို့၊ ဘာနေ့ာင်းကျေးရွာနေ ထွန်းလင်းအောင်(ဘ)ဦးအောင်မြင့် ၇/တငန(နိုင်)၂၄၀၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 356511)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သာယာဝတီမြို့၊ အင်းရွာဘူတာနေ မောင်အောင်ကိုကိုလှိုင်(ဘ)ဦးတင်လှိုင် ၇/သဝတ(နိုင်)၀၉၃၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MM 603619)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၆၇၅၁၉၈

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ကနိကျေးရွာ၊ အ.ထ.က Grade-(12)(A) အတန်းတွင် ပညာသင်ကြားနေသော မပြည့်ပြည့်ခိုင်၏ ဖခင်အမည်မှန်မှာ ၁၄/ဒဒရ(နိုင်)၁၀၆၄၈၇ ကိုင်ဆောင်သူ ဦးမျိုးမင်းခိုင်ဖြစ်ပါကြောင်း။ ဦးမျိုးမင်းခိုင်

**ပျောက်ဆုံးကြောင်း**
ခမ်းပါတ်မြို့နေ မလားလ်ချိန်ပွေးယီ(ဘ)ဦးဖတ်မောယာ ၅/ခပန(နိုင်)၀၀၇၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နန့်ကြည်ကြည်မော်(ဘ)ဦးငြိမ်းရှင် ၃/ကကရ(နိုင်)၁၈၁၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 679655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁






တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်၊ ဖယောင်းတောင်သတ္တုတွင်းနေရာကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုအား တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်ရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုအား တွေ့ရစဉ်။











TNLA နှင့် MDY–PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံဝင်း အတွင်း အယ်လ်ဖာဘိလပ်မြေစက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံ အမြောက်အမြားကို အသုံးပြု၍ အခိုင်အမာနေရာများ ဆောင်ရွက်ထားရှိမှုကိုတွေ့ရစဉ်။

■ ကျောဖုံးမှအဆက်

၂၀၂၄ ခုနှစ်၊ နှစ်လယ်ပိုင်းမှစ၍ ကြံစည်လုပ်ဆောင်လာခဲ့သည်။

NUGသည်မန္တလေး၊စစ်ကိုင်းနှင့်မိတ္ထီလာလွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCSပြုလုပ်သည့်သစ္စာဖောက်ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချကာ MDY – PDF အမည်ခံ အကြမ်းဖက်သမားများအဖြစ်မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့်အခမ္မအင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ TNLA အကြမ်းဖက်အဖွဲ့များကပါ ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ် စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း–မန်း စစ်ဆင်ရေး အမည်ဖြင့် စစ်ရေးအကြမ်းဖက်မှုများကို စတင်ဖော်ဆောင်လာခဲ့ကြသည်။ ၎င်းတို့သည် မန္တလေးမြို့အား အလုံးစုံသိမ်းယူရရှိနိုင်ရေးအတွက် မတ္တရာစစ်ကြောင်း၊ ပုသိမ်ကြီးစစ်ကြောင်း၊ ပြင်ဦးလွင်စစ်ကြောင်း စသည့်စစ်ကြောင်းများ သတ်မှတ်ကာ မန္တလေးသို့ဦးတည်၍ တိုက်ကွက်များ ဖော်ဆောင်လာခဲ့သည်။ ထိုသို့လုပ်ဆောင်လာစဉ် မိုးကုတ်–သပိတ်ကျင်း–မတ္တရာ – မန္တလေးလမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု အစိုးရနှင့်ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ရောက်ရှိနိုင်ရေး ကြိုးပမ်းလာခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက်ဖော်ဆောင်လာခဲ့မှုများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု စက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ ကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အပြင်းအထန် **စာမျက်နှာ ၂၉ သို့** ■




TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိအလောင်းနှင့်လက်နက်ခဲယမ်းများကိုတွေ့ရစဉ်။

■ စာမျက်နှာ ၂၈ မှအဆက်

ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့်လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအားအဓမ္မခြိမ်းခြောက်လူသစ်စုခြင်းဖြင့် သာလွန်အင်အားဖန်တီးလာခြင်း၊ လူသားတံတိုင်းအဖြစ်အသုံးပြုတိုက်ခိုက်လာခြင်းတို့ကြောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာကာ ပြည်သူလူထု၏နေအိမ်များ၊ နိုင်ငံအကျိုးပြုစက်ရုံအလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေးတို့အတွက် ကြားခံစစ်အဆင့်ဆင့်ဖြင့်စနစ်တကျဆုတ်ခွာပေးပြီး မတ္တရာဒေသ၌ အချိန်ကာလတစ်ခုအထိ မဆုတ်တမ်းခံစစ်စည်းသတ်မှတ်၍ စနစ်တကျဟန့်စစ်ဆင်ခြင်းနှင့် တန်ပြန်သွေးတိုးစမ်းတိုက်ခိုက်ချေမှုန်းခြင်းများပြုလုပ်ခဲ့သည်။ မတ္တရာဒေသ၏အရှေ့ဘက်ရှိ TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့အနေဖြင့် မန္တလေးသို့ရောက်ရှိနိုင်ရေး မတ္တရာဒေသအားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့်တပ်မတော်အတွက်၊ ဒေသခံပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာဖြင့် အပြင်းအထန်ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ၏တိုက်စစ်မှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မတ္တရာမြို့၏ မြောက်ဘက် ရေနံ့သာကျေးရွာတစ်ဝိုက်၊ အရှေ့ဘက်ရှိ နိုင်ငံအကျိုးပြုအယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းနေရာတစ်ဝိုက်တို့တွင် ရပ်တန့်သွားခဲ့သည်။








TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများနှင့်မော်တော်ယာဉ်အား ဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။




TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့တည်ဆောက်ထားသည့် အခိုင်အမာနေရာများအားတွေ့ရစဉ်။



TNLA နှင့် MDY–PDF အမည်ခံ အကြမ်းဖက် သမားများ ပူးပေါင်းအဖွဲ့ တည်ဆောက် ထားသည့် အခိုင်အမာ နေရာအား တွေ့ရစဉ်။

ထိုသို့ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုရပ်တန့်ချိန်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ယင်းဒေသတစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူပိုင်ပစ္စည်းဥစ္စာများအား ဖောက်ထွင်းယူဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ စက်ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ၊ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ စက်ရုံထုတ်ကုန်ကြမ်း၊ ကုန်ချောများအား အသုံးပြု၍ စစ်ရေးပြင်ဆင်ခြင်း၊ ကိုယ်ကျိုးစီးပွားအတွက်အသုံးချခြင်းနှင့် နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီးသတ္တုတွင်းထွက်ရတနာပစ္စည်းအရိုင်းများကို ထုတ်ယူရောင်းချ၍ ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့အနေဖြင့် NUG ၏ တွန်းအားပေးမှုနှင့်အတူ မတ္တရာဒေသအား အပြီးတိုင်သိမ်းပိုက်နိုင်ရေး အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့်ဖယောင်းတောင်သတ္တုတွင်းနေရာ၌ အခိုင်အမာခြေကုပ်ယူ၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်မှစ၍ မတ္တရာဒေသအရှေ့ဘက် မြကန်သာကျေးရွာရှိ အင်အားနည်း ကာကင်းစခန်းတစ်ခုကို သာလွန်အင်အားအသုံးပြုတိုက်ခိုက်ခဲ့ရာ အဆိုပါကာကင်းစခန်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်ညပိုင်းတွင် ဗျူဟာအရ ခေတ္တခွာစစ်ဆင်၍ ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတွင် ကြိုတင်စုဖွဲ့ထားသည့် အဓိကချေမှုန်းရေးတပ်များက အမြောက်၊ လက်နက်ကြီးပစ်ကူဖြင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့

စာမျက်နှာ ၃၀ သို့ ■







TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။







TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိ အလောင်း၊ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

■ **စာမျက်နှာ ၂၉ မှအဆက်**

နေရာယူစုဖွဲ့ထားသည့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်မှစ၍ မတ္တရာဒေသတစ်ဝိုက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာစုဖွဲ့ထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းတို့အား အပြီးတိုင်ချေမှုန်းသုတ်သင်ရန် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး စတင်ဆောင်ရွက်ခဲ့ရာ မတ္တရာ-ဘိုကုန်း-ကျောက်တံတားဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ မြကန်သာကျေးရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ပန်းစလောင်းတောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဘိုင်ပင်ရွာဘက်မှစစ်ကြောင်းတစ်ကြောင်း စသည်ဖြင့် စစ်ကြောင်း ၄ ကြောင်းဖြန့်၍ တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် “ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း” ခြင်းအား အဆင့်ဆင့်ပေါင်းစပ်၍ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ နေရာများဖြစ်သော ကွန်ကရီဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများ၊ မြေခွေးကျင်းများဖြင့် တည်ဆောက်ထားသည့် အခိုင်အမာနေရာအသီးသီးကို အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် MDY-PDF အမည်ခံအကြမ်းဖက်သမားများ အခိုင်အမာစုဖွဲ့ထိန်းချုပ်ထားသည့် ဖယောင်းတောင် သတ္တုတွင်းဒေသအားလည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်၊ ယနေ့တွင် အယ်လ်ဖာဘိလပ်မြေစက်ရုံအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံး၊ စက်ရုံ၊ အလုပ်ရုံများပျက်စီးမှု အနည်းဆုံးဖြင့် အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် မတ္တရာဒေသမြောက်ဘက်ခြမ်းသို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာစစ်ဆင်ရေးကာလ ၁ လ ၇ ရက်အတွင်း TNLA နှင့် MDY - PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့နှင့် တိုက်ပွဲကြီးငယ် (၂၄) ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၄၆ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့တိုက်ခိုက်သိမ်းပိုက်စဉ် TNLA နှင့် MDY - PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် ၎င်းတို့၏ အခိုင်အမာနေရာများအား အယ်လ်ဖာဘိလပ်မြေစက်ရုံမှထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါဘိလပ်မြေအိတ်ခွံအမြောက်အမြားကိုအသုံးပြု၍ ကွန်ကရီဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကိုတည်ဆောက်တုံ့ပြန်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ အခိုင်အမာနေရာများပြုလုပ်၍ တပ်မတော်စစ်ကြောင်းများကို အဆင့်ဆင့်ပိတ်ဆို့တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်စစ်ကြောင်းများက စက်ရုံနှင့် သတ္တုတွင်းနေရာများပြန်လည်သိမ်းပိုက်ရာတွင် စက်ရုံ၊ အလုပ်ရုံနေရာများရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေး ဂရုပြု၍ ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရသည်။

အယ်လ်ဖာ ဘိလပ်မြေစက်ရုံသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဒဟတ္တောကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ကာ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်လုပ်မှုများဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစက်ရုံတွင်နိုင်ငံခြားသားပညာရှင်၈၀ ဦး၊ ပြည်တွင်းလုပ်သား ၃၀၀ ဦးတို့ဖြင့် လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် ဘိလပ်မြေတန်ချိန် ၅၀၀၀ ထွက်ရှိကာ ဒေသတွင်းဘိလပ်မြေလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးလျက်ရှိသည့်စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါဘိလပ်မြေစက်ရုံအား အကြမ်းဖက်အဖွဲ့များက အခိုင်အမာနေရာအဖြစ် အင်အားစုဖွဲ့နေသည့်အချိန်တွင် စက်ရုံလည်ပတ်နိုင်ခြင်းမရှိသည့်အတွက် ဒေသတွင်းဘိလပ်မြေလိုအပ်ချက်များပြားပြီး ဈေးနှုန်းကြီးမြင့်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသည့်အခြေအနေများကို ဒေသခံပြည်သူများအနေဖြင့် ခက်ခဲစွာရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများများပြားခဲ့ပြီး အဆိုပါအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေလိုအပ်ချက်များ များစွာဖြစ်ပေါ်ခဲ့ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်နစ်နာမှုများ များစွာဖြစ်ပေါ်စေခဲ့သည်။

အလားတူ ဖယောင်းတောင်သတ္တုတွင်း (ရွှေသန့်စင်)လုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်စက်ရုံအဖြစ်လုပ်ငန်းငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသတ္တုတွင်းလုပ်ငန်းအနေဖြင့် နိုင်ငံ့အဖိုးတန်ရွှေသတ္တုအရိုင်းများအားထုတ်လုပ်ခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလျက်ရှိသကဲ့သို့ ဝန်ထမ်းပေါင်း ၁၇၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးလျက်ရှိသည့် အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သည်။ TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့်အချိန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ရခြင်း၊ နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ပစ္စည်းအရိုင်းများကိုထုတ်ယူရောင်းချ၍ PDF ခေါင်းဆောင်အသီးသီးက ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းလုပ်ငန်းကို တပ်မတော်ကပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သည့် စက်ရုံအဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ပြန်လည်ပြင်ဆင်မှုများပြုလုပ်၍ စက်ရုံများပြန်လည် လည်ပတ်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဒေသတွင်းဘိလပ်မြေလိုအပ်ချက်များကို ဈေးနှုန်းသက်သာစွာ ပြန်လည်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မတ္တရာနှင့် သပိတ်ကျင်းမြို့နယ်အကြား TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့များ ကျန်ရှိနေသေးသည့်နေရာများအား ဆက်လက်နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရှိရပြီး နယ်မြေရှင်းလင်းခြင်းနှင့်အတူ နိုင်ငံတော်နှင့်ပုဂ္ဂလိကပိုင် အဖိုးတန်သတ္တုတွင်းထွက်ပစ္စည်းများထွက်ရှိရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံတို့ကိုလည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ISO 9001:2008 Cert. No.683099
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

❖ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်၊ လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမှမရှိ၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည် စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ်ကြေညာ

စာ - ၈ သို့

## ကရင်အမျိုးသားအစည်းအရုံး(KNU)ကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာ

စာ - ၈ သို့


# TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းဒေသအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ မူလအတိုင်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၈

NUG အမည်ခံ ပြည်ဖျက်အကြမ်းဖက်အဖွဲ့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပျက်စီးစေရန်ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်းကာ အကြမ်းဖက်လုပ်ရပ်များဖြစ်သည့် လုံခြုံရေးအားနည်းသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ဒေသအချို့အား အင်အားသုံးတိုက်ခိုက်ခြင်းများပြုလုပ်ပြီး ဒေသခံပြည်သူများ၏ နေအိမ်များ၊ အစိုးရ အုပ်ချုပ်မှုအဆောက်အအုံများနှင့် လမ်း၊ တံတားကြီးများအား မီးရှို့ ဖျက်ဆီးဖောက်ခွဲခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုးပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ လက်နက်များဖြင့် ခြိမ်းခြောက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ နေ့စဉ် ထမင်း၊ ဟင်း ချက်ပြုတ်၍ ပံ့ပိုးပေးရခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရဟန်း၊ သံဃာများအား အစိုးရ၊ တပ်နှင့် ရဲသတင်းပေးခေါင်းစဉ်တပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများအပါအဝင် အဓမ္မလူသစ်စုဆောင်းခြင်းများ လုပ်ဆောင်လျက်ရှိကြရာ အဆိုပါ အကြမ်းဖက်လုပ်ရပ်များကြောင့် ၎င်းတို့ရောက်ရှိရာ ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် လူမှုစီးပွားဘဝများ အဘက်ဘက်က ချွတ်ခြုံကျခဲ့ရသည်။

ထို့ပြင် စိတ်ကူးယဉ်စစ်ရေးအိပ်မက်တစ်ခုဖြစ်သည့် နိုင်ငံ၏ ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှုအချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက်လည်း TNLA လက်နက်ကိုင်အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ **စာမျက်နှာ ၂၈ ကော်လံ ၄** ■

တပ်မတော်စစ်ကြောင်းများက ဖယောင်းတောင်သတ္တုတွင်းနှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်ထိန်းချုပ်ခြင်း






## အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲတွင် မြန်မာကလပ် ISPE အသင်းနိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၅-၂၀၂၆ ရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စု(က)၏ မြန်မာကလပ် ISPE အသင်းနှင့် မွန်ဂိုလီးယားကလပ် Khovd Western အသင်းတို့၏ယှဉ်ပြိုင်မှုကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာကလပ် ISPE အသင်းက မွန်ဂိုလီးယားကလပ် Khovd Western အသင်းကို **စာမျက်နှာ ၂၇ ကော်လံ ၁** ❒

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန သတင်းကြေညာချက်

စာ - ၇ သို့

**ဆောင်းပါး**

## အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့အကြမ်းဖက်မှုအန္တရာယ်(အပိုင်း ၁)

စာ - ၁၁ သို့

